


# နိဗ္ဗာန်၏ အနှစ်သာရ

( ၇ ၊ ၉ ၊ ၆၂ )

၄၃

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော သစ္စာ(၄)ပါးတရားတော် အမှတ်စဉ် (၃၅) မှ

ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# နိဗ္ဗာန်၏အနှစ်အရသာ

(၇-၉-၆၂)

စာမူခွင့်ပြုချက်အမှတ် - ၁၀/၉၈ (၅)

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂။ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသောတရားတော်

# ''နိဗ္ဗာန်၏ အနှစ်သာရ''

(၇၊ ၉၊ ၁၉၆၂)

ပိဋကတ်သုံးပုံပါဠိတော်တွေ ၄၅-ဝါကာလပတ်လုံး ဟို နေရာဟော၊ ဒီနေရာဟော၊ ဟောပါတယ်။ ဟောပင် ဟောငြား သော်လဲ ပိဋကတ်သုံးပုံကို ချုံ့လိုက်တဲ့အခါ ကျတော့ ဦးကျော် မောင်တို့၊ ဦးမြမောင်တို့၊ ဦးဘသန်းတို့၊ (မှန်ပါ)၊ လက္ခဏာ ရေးသုံးပါး ပဲရှိတယ်. . (မှန်ပါ)။

**ပိဋကတ်သုံးပုံ၊ ချုံ့လိုက်လျှင်လက္ခဏာရေးသုံးပါး**

ပိဋကတ်သုံးပုံချုံ့ပါ၊ ကိုယ်တော်မြတ်ကြီး ၄၅-ဝါ ကာလ ပတ်လုံးဟောတာလဲဒါပဲ၊ ချုံ့လိုက်တဲ့အခါကျတော့ လက္ခဏာ ရေးသုံးပါးပဲရှိတယ် (မှန်ပါ)။

ဒါဖြင့် ပိဋကတ်သုံးပုံကို ဆရာတော်တွေ၊ သမားတော်တွေ သင်ပြီးသကာလနေကြတာ ဘယ်အကျိုးငှာတုံးလို့ သွားပြီး လျှောက်လို့ရှိရင် လက္ခဏာရေးသုံးပါး သိချင်လို့ ဆိုရင် မှန်တယ်၊ ရိပ်မိပြီလား (ရိပ်မိပါပြီ)။

ဒါဖြင့် လက္ခဏာရေးသုံးပါးသာ အရေးကြီးတယ် ဆိုတဲ့ဥစ္စာ ဦးမြမောင်တို့မှတ်ထားပေါ့၊ (မှန်ပါ့)။ ပိဋကတ်သုံးပုံမှာ အကျဉ်းချုံးလိုက်တော့ ဘာရှိသတုန်း (လက္ခဏာရေးသုံးပါးပဲရှိတယ်)။

ဘာဟောဟော ရုပ်နှစ်ဆယ့်ရှစ်ခုဟောလဲ တော်တော်ကြာဖြစ်ပျက်အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲ လာတာပါပဲ (မှန်ပါ)၊ နာမ် ငါးဆယ့်သုံးခုကို ဟောလိုက်လို့ရှိရင်လဲ နာမ်ငါးဆယ့်သုံး ချုံးလိုက်တဲ့အခါကျတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲ (မှန်ပါ) ဒါပဲရှိတယ် (မှန်ပါ)။

အဲဒီတော့ ပိဋကတ်သုံးပုံကို ချုံ့လိုက်လို့ရှိရင်ဖြင့် လက္ခဏာရေးသုံးပါးရှိတယ်လို့မှတ်ပါ (မှန်လှပါ) ပေါ်ကြပလား (ပေါ်ပါပြီ)။

## လက္ခဏာရေးသုံးပါး ချုံ့လိုက်လျှင် ဖြစ်ပျက်

အဲဒီ လက္ခဏာရေးသုံးပါးကို ချုံ့လိုက်လို့ ရှိရင်ဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တချုံ့လိုက်လို့ရှိရင်ဖြင့် ဥဒယဗ္ဗယ ပဲရှိတယ်၊ ဖြစ်ပျက်ထဲပြန်ဝင်တယ် (မှန်လှပါ)။

လက္ခဏာရေးသုံးပါးချုံ့လိုက်တဲ့အခါကျတော့ ဥဒယဗ္ဗယပဲ ပြန်ဝင်တယ်၊ ပြန်မာလိုသုံးတဲ့အခါကျတော့ ဖြစ်ပျက်ထဲ သွားဝင်တယ်၊ (မှန်လှပါ)။

## ဖြစ်ပျက်ချုံ့လိုက်လျှင် ဒုက္ခသစ္စာ

ဖြစ်ပျက်လို့ တစ်ခါချုံ့နိုင်သ၍ ချုံ့တဲ့အခါကျရင်ဖြင့် ဒုက္ခသစ္စာပဲရှိတယ်လို့ မှတ်လိုက်ပါတော့၊ (မှန်လှပါ)။

ဒါဖြင့် ခင်ဗျားတို့က သစ္စာဘယ်နှစ်ပါး လေးပါးတောင်ကိုးလို့ဆိုရင် အို. . . လေးပါးရှိပေမယ့် သမုဒယသစ္စာလဲ ဖြစ်ပျက်ပဲ (မှန်လှပါ)။ မဂ္ဂသစ္စာလဲ ဖြစ်ပျက်ပဲ (မှန်လှပါ)၊ ချုံးလိုက်တော့ ဒုက္ခသစ္စာချည်းပဲ၊ (မှန်လှပါ)။

အဲ. . . ဒုက္ခသစ္စာလို့ ခင်ဗျားတို့အဆုံးသတ်လို့ရှိရင် နိရောဓသစ္စာဝင်သွားတယ် (မှန်လှပါ)။

ကဲဒါဖြင့် ခဏပြန်ပြီးရှင်းကြဦးစို့ဆိုတော့ ပိဋကတ်သုံးပုံ ချုံးလိုက်လို့ရှိရင် လက္ခဏာရေးသုံးပါးရှိတယ်။ လက္ခဏာရေးသုံးပါး ချုံးလိုက်လို့ရှိရင်ဖြင့် ဥဒယဗ္ဗယပဲရှိတယ်၊ (မှန်ပါ)။ ဥဒယဗ္ဗယဟာ ချုံးနိုင်သလောက်ချုံးလိုက်လို့ရှိရင် ဥဒယဗ္ဗယဆို တာ ဘာတုံးဆိုတော့ ဒုက္ခသစ္စာပဲ (မှန်လှပါ)။ ဒုက္ခသစ္စာထဲဝင် သွားတယ် (မှန်လှပါ)။

သမုဒယသစ္စာကောဆိုတော့ အို-သမုဒယ သစ္စာလေးပါး ဆိုတာ ဖြစ်ပျက်ချည်းပဲ (မှန်လှပါ)။

**ဒုက္ခသစ္စာဆုံးအောင်လိုက်ရင် နိရောဓသစ္စာ**

အဲဒီတော့ ဒုက္ခသစ္စာကို ဦးကျော်မောင်တို့၊ ဦးမြမောင်တို့ ဆုံးအောင်လိုက်ကြမယ်ဆိုလို့ရှိရင် နိရောဓ သစ္စာဆိုတာ တွေ့မှာပဲ၊ (မှန်လှပါ)။

အဲဒီတော့ကို ၄၅-ဝါ ကာလပတ်လုံး ဟောကြား တော်မူတာ သတ္တုချလိုက်တဲ့အခါကျတော့ ဘုန်းကြီးတို့ ဟောနေတဲ့ ဥဒယဗ္ဗယကိုသာ အားထုတ်ကြပေါ့ (မှန်ပါ)။ ဖြစ်ပျက်အဆုံးမှာ ဖြစ်ပျက်မရှိတဲ့ နိဗ္ဗာန်တွေ့လိမ့်မယ်၊ (မှန်လှပါ)။

ဖြစ်ပျက်နဲ့ ဉာဏ်လမ်းလျှောက်သွား ဖြစ်ပျက်နဲ့ ဉာဏ် လမ်းလျှောက်သွားလို့ရှိရင်ဖြင့် ဖြစ်ပျက်အဆုံးမှာ ဖြစ်ပျက်မရှိတဲ့ နိရောဓဖြစ်သွားတာ တွေ့မယ် (မှန်ပါ)။

အဲဒီတော့ အခုနိဗ္ဗာန်ကမတွေ့သေးပါကလားဆိုရင် တို့ဖြစ်ပျက်မဆုံးသေးဘဲ ခင်ဗျားတို့က လိုက်နေတာ ဟုတ် ဘူးလား (ဟုတ်ပါတယ်)။ ဖြစ်ပျက်ဆုံးသွားတဲ့ အခါကျရင်ဖြင့် ဖျတ်ဆို ချုပ်သွားကြပါလား၊ ဖြစ်ဒုက္ခလဲ မရှိဘူးဆိုတဲ့ နိရောဓ ဟာ တန်းပေါ်မှာပဲ (မှန်လှပါ)။

## ဘယ်သူမှမတိမ်းနိုင်တဲ့လမ်း

ကဲ. . . ပိဋကတ်သုံးပုံချုံ့လိုက်ရင် လက္ခဏာရေး သုံးပါး၊ လက္ခဏာရေးသုံးပါး ချုံ့လို့ရှိရင် ဥဒယဗ္ဗယ၊ ဥဒယဗ္ဗယကို ပေါင်းခေါ်လိုက်လို့ရှိရင် ဒုက္ခသစ္စာ (မှန်ပါ)။ ဥဒယဗ္ဗယဆိုတာ ဒုက္ခသစ္စာပဲ (မှန်ပါ့)၊ အဲဒီဒုက္ခသစ္စာကို ဆုံးအောင်လိုက်လို့ရှိရင် ဘာတွေ့မလဲ (နိရောဓတွေ့ပါ တယ်)၊ အဲဒီတော့ ခင်ဗျားတို့ ဘုရားလဲ ပြားမနေနဲ့၊ ဆရာလဲ ပြားမနေနဲ့ ဒီလမ်းလိုက်လို့ရှိရင် ပြီးတာပဲ (မှန်လှပါ)၊ ဘယ်သူမှ မတိမ်းနိုင်တဲ့လမ်း (မှန်လှပါ)၊ ဘယ်သူမှ မတိမ်း နိုင်တဲ့လမ်းလို့ သေသေချာချာမှတ်ပါ၊ (မှန်လှပါ)။

ကိုင်း-ဒီလမ်းလိုက်တော့မယ်ဆိုတော့ကို မျက်လုံး ပြောင်းတပ်ပေးရမယ် (မှန်လှပါ) ဒကာ ဒကာမတွေကို မျက်လုံးပြောင်း ပြီးသကာလ တပ်ပေးရပါတယ်၊ (မှန်လှပါ) မိဘရိုးရာမျက်လုံးကို ဖျက်ပစ်ပြီးသကာလ မိဘရိုးရာ မျက်လုံးဆိုတာက စားဖို့၊ သောက်ဖို့၊ နေဖို့၊ ထိုင်ဖို့၊ သင် ထားတဲ့မျက်လုံး (မှန်လှပါ) နိဗ္ဗာန်ရောက်ဖို့ မျက်လုံးက မပါဘူး (မှန်လှပါ)။

အဲဒီတော့ မိဘရိုးရာမျက်လုံးကို ဖယ်ပြီးသကာလ အရိယာမျက်လုံး တပ်ပေးရမယ် (မှန်လှပါ)။

မိဖရိုးရာမျက်လုံးကို ဖယ်ပြီး ဘာမျက်လုံး တပ်ပေးရမယ် (အရိယာမျက်လုံး တပ်ပေးရပါမယ်)။

အရိယာမျက်လုံး တပ်ပေးရမယ်ဆိုတော့ အရိယာမျက်လုံးတပ်တဲ့အခါကျတော့ကို အရိယာတို့၏ အမြင်ကို မြင်လာမယ် (မှန်လှပါ)။

အရိယာတို့၏ မျက်လုံးတပ်ပေးလိုက်လို့ရှိရင် ဘာအမြင် မြင်မယ်၊ (အရိယာတို့အမြင်ကိုမြင်လာမှာပါဘုရား)၊ အရိယာတို့၏ အမြင်ကို မမြင်ပါနဲ့ဆိုလို့ ဦးဘသန်း ရသေးရဲ့လား (မရပါဘူး)။

## အရိယာတို့၏ အမြင်ဆိုတာ

အဲဒီတော့ အရိယာဆိုတာ ဘာတုံး . . . အရိယာဆိုတာ ဖြူစင်တာ (မှန်ပါ) အမြင်ဆိုတာက ဖြူဖြူစင်စင်နဲ့ ဒိပြင် ကိလေသာမရောဘဲနဲ့ မြင်တဲ့အမြင်ဟာ အရိယာတို့၏ အမြင် (မှန်ပါ)။

အရိယာဆိုတာ ဖြူစင်တာ မြင်တာကတော့ မြင်တာပဲ (မှန်ပါ)၊ ဖြူစင်တဲ့ အမြင်ဆိုတော့ ခင်ဗျားတို့ မြင်နေတာက တစ်ယောက်ကြည့်လိုက်ရင် အရုပ်ဆိုးတယ်၊ တစ်ယောက်ကြည့်လိုက်ရင် ချောမွေ့တယ်၊ တစ်ယောက်ကြည့်လိုက်လို့

ရှိရင်ဖြင့် ထော်လော်ကန့်လန့်ဖြစ်နေတာနဲ့ ဒါ အရိယာတို့၏ အမြင်မဟုတ်ဘူး၊ အရိယာတို့၏ အမြင်ကတော့ ဒုက္ခသစ္စာကြည့်ရင် ဒုက္ခသစ္စာပဲ မြင်တယ်၊ ဒီပြင်ဟာ မြင်ကိုမမြင်ဘူး (မှန်ပါ)။

ဒါကြောင့် အရိယာတို့မှာ ဘယ်အာရုံနဲ့တွေ့တွေ့ ဖုဋ္ဌဿလောကဓမ္မေဟိ၊ စိတ္တံ-ယဿ နကမ္ပတိ (မှန်ပါ)။ လောကဓမ္မေဟိ-လောကဓံတရားတို့နှင့် ဖုဋ္ဌဿ တွေ့သော၊ ယဿ-အကြင်အရိယာပုဂ္ဂိုလ်အား စိတ္တံစိတ်သည် နကမ္ပတိ မတုန်လှုပ်ဘူးတဲ့ (မှန်ပါ)။ အရိယာအမြင်ဟာ ဘာနဲ့တွေ့တွေ့ သရဲခြောက်လဲ မတုန်လှုပ်တဲ့ (မှန်ပါ)၊ သရဲခြောက်လဲ မတုန်လှုပ်ဘူး၊ ချောချောမောမော အာရုံတွေနဲ့တွေ့လဲ မတုန်လှုပ်ဘူး (မှန်ပါ)။

လောကဓမ္မေဟိကိုးဗျ၊ လောကဓံတရားတွေနဲ့တွေ့တဲ့အခါကျတော့ တုန်လှုပ်သေးရဲ့လား၊ (မလှုပ်ပါဘူး)။ အသောကံ- စိုးရိမ်ခြင်းလဲ မရှိဘူးတဲ့ (မှန်ပါ)။

ဟာ-ငါ့ကိုက်တော့မှာပဲ၊ ငါ့သတ်တော့မှာပဲလို့ စိုးရိမ်ခြင်းလဲ မရှိဘူးတဲ့၊ အရိယာအမြင်ကိုမြင်နေတယ်၊ (မှန်ပါ)။ ဝိရဇံတဲ့ ခင်ခြင်း၊ မင်ခြင်း၊ တွယ်တာခြင်းလဲ မရှိဘူးတဲ့၊ ရာဂကင်းတယ် (မှန်ပါ)။

## အလုပ်ခွင်မှာ အရိယာမျက်လုံးသုံးပါ

အဲဒီတော့ ဆရာဘုန်းကြီးက ယနေ့ ဒီဒကာ ဒကာမတွေကို မိဘရိုးရာမျက်လုံးကို ပြင်ဘက်ကျမှသုံးပါ၊ အလုပ်ခွင်မှာဖြင့် အရိယာမျက်လုံးသုံးပါ (မှန်ပါ) ဒီလိုဆိုတော့ လောကလဲ မပယ်၊ လောကနဲ့လဲ ကန့်လန့်မထားဘူး (မှန်ပါ)။ လောကုတ္တရာကိုလဲ အတည့်ပေးတယ်လို့ မှတ်ရတယ် (မှန်ပါ)။ လောကကိုလဲ မပယ်ဖူး၊ လောကပယ်ပြန်လို့ရှိရင်လဲ အမေမရှိဘူး၊ အဖေမရှိဘူးဆိုပြီး ထင်ရာလုပ်ရင် ပဉ္စာနန္တရိယကံထိအောင်ထိုက်နိုင်တယ်၊ (မှန်ပါ)။ လောကလဲ မပယ်ဘူး (မှန်ပ့ါ) သူမပယ်ဘဲနဲ့လဲ သူ့ကိုယ်သူ တခြားအမြင်နဲ့ထား (မှန်ပါ)။ လောကုတ္တရာကို လောကုတ္တရာ အမြင်နဲ့ တခြားထားမှ ဦးမြမောင်တို့ ခရီးပေါက်မယ် (မှန်ပါ)။ နို့မဟုတ်ရင် မာတာပိတုဂုဏော အနန္တောစသည်ဖြင့် ဘုရားဟောထားချက်တွေ ပျက်ကုန်မှာပေ့ါ (မှန်ပါ)။ အာစရိယဂုဏော အနန္တောမပျက်ဘူးလား (ပျက်ပါတယ်) လောဟိတုပ္ပါဒကံ ဘုရားကို သွေးထွက်အောင်မလုပ်နဲ့ (မှန်ပါ)။ သံဃာသင်း မခွဲနဲ့ဆိုတာက လောကဟောတာတွေ (မှန်ပါ) ဒါနပြုတဲ့ အခါကျတော့ ပုဂ္ဂိုလ်ရွေးလှူကြဟေ့ . . . ဒါက လောကကို ငဲ့ဟောထားတာ (မှန်ပါ)။

အဲဒီတော့ လောကပယ်လိုက်ပြန်ရင်လဲ အယူမှား

အလုပ်မှားပြီး အပယ်ကျသွားနိုင်တယ် . . . (မှန်ပါ)။ လောကုတ္တရာထိပြန်လို့ရှိရင်လဲ နိဗ္ဗာန်မရောက်ဘူး (မှန်ပါ)။

ကဲ. . . မျက်လုံးဟာ မပြင်ရသေးဘူးလား ပြင်ရမလား လောကမျက်လုံးလဲတပ်ပေးရမယ် (မှန်ပါ)၊ လောကမျက်လုံးနဲ့ချည်း အချိန်ကုန်ပြန်ရင်လဲ သုဂတိလောက်ပဲ ခင်ဗျားတို့ ရောက်မယ် (မှန်ပါ)၊ လောကုတ္တရာမျက်လုံးတပ်ပေးမှသာလျှင် ခင်ဗျားတို့ နိဗ္ဗာန်ရောက်မယ် (မှန်ပါ)။

အဲဒါကြောင့် နိဗ္ဗာန်ရောက်တဲ့မျက်လုံးကို ယနေ့တော့ဖြင့် လောကမျက်လုံးလဲ မစွန့်ကြပါနဲ့ လောကုတ္တရာမျက်လုံးကိုလဲ ဆရာဘုန်းကြီးအလုပ်ခွင်မှာ ပြောင်းတပ်ပေးမယ်ဆိုတာ မှတ်ရမယ် . . . (မှန်လှပါ)။

ဥပမာ-မယ် . . . စိတ်ကလေးတစ်ခု ဒကာ ဒကာမတွေ သန္တာန်မှာ မြင်စိတ်ကလေးပေါ်တယ် ကြားစိတ်ကလေးပေါ်တယ်၊ အနိစ္စန္တိပဿတိပြောင်းတာ ကလေးဟာ စိတ်မဟုတ်ဘူးဟာ စိတ်ဆိုရှိရင်ဖြင့် သမုတိသစ္စာနယ်က ဖြစ်နေတယ် (မှန်ပါ)၊ ပရမတ္တသစ္စာနယ်ကတော့ အနိစ္စန္တိပဿတိ-ဒါအနိစ္စပဲ. . . (မှန်ပါ) ဖြစ်ပြီးပျက်တာကို (မှန်ပါ)။

အဲဒီတော့ အနိစ္စလို့ခင်ဗျားတို့က မြင်အောင်ကြည့်လို့ရှိရင် သာယံဒိဋ္ဌသမ္မာဒိဋ္ဌိတဲ့ ဒါအရိယာမျက်လုံးတပ်ပေးလိုက်တာပဲ . . . (မှန်ပါ)။

## ဖြစ်ပျက်မြင်ရင် အရိယာမျက်လုံးရပြီ

ပေါ်လာတဲ့ ခမ္မကလေးကို ဖြစ်မှုပျက်မှုမြင်အောင် ဦးကျော်မောင်ကြည့်၊ ဦးစံဖေကြည့်၊ ဦးဘသန်းကြည့်၊ ဦးမြမောင်ကြည့်၊ ဟိုနောက်က ဒကာမတွေ၊ ညောင်လေးပင်က ဒကာမ ကြီးတွေ၊ ဟင်္သာတက ဒကာမကြီးတွေကြည့်ပါလို့ ဘုန်းကြီးက ဟောလိုက်တဲ့အခါကျတော့ ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း မြင်လိုက်လို့ ငါ အရိယာမျက်လုံးရပြီလို့ အောက်မေ့ (မှန်ပါ)။

သာယံဒိဋ္ဌိ သမ္မာဒိဋ္ဌိ။ အယံ ဤအနိစ္စဟု မြင်ခြင်းသည် သမ္မာဒိဋ္ဌိမျက်လုံးပဲကွတဲ့ (မှန်ပါ)။ ဒီတော့ သမ္မာဒိဋ္ဌိမျက်လုံးတပ်ပေးလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် အလုပ်ခွင်မှာဖြင့် သမ္မာဒိဋ္ဌိ မျက်လုံးနဲ့ ဒကာဒကာမတွေ အကုန်ကြည့်ပါ. . . (မှန်ပါဘုရား) သမ္မာဒိဋ္ဌိနဲ့ မျက်လုံးနဲ့ကြည့်ပါလို့ ဆိုတာ ကောင်းကောင်းသတိပေးလိုက်ပါတယ် . . . (မှန်ပါ)။

အဲဒီလိုကြည့်တော့ဘုရား . . . တပည့်တော်တို့ ဘယ်စိတ်ကြည့်လိုက်ကြည့်လိုက် ကိုယ့်စိတ်ကိုယ် ကြည့်လိုက်တဲ့အခါကျတော့ သာယံဒိဋ္ဌိ သမ္မာဒိဋ္ဌိ။ ထိုအမြင်သည် သမ္မာဒိဋ္ဌိပဲလို့ ဘုရားကတော့ ဟောတယ် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်မှာ ဒီမြင်လိုက်တဲ့-အခါကျတော့ သမ္မာဒိဋ္ဌိတော့

ဖြစ်ပြီဘုရားဆိုတော့ ဩော်. . . သမ္မာက မှန်ကန်တာ။ ဒိဋ္ဌိက မြင်တာ၊ အခုမှ အမှန်အမြင်ရောက်တာကိုး (မှန်ပါ)။ အနိစ္စဖြစ်မှ အမှန်အမြင်ရောက်တယ် (မှန်ပါ)။

အနိစ္စမြင်မှ. . . (အမှန်အမြင်ရောက်ပါတယ်) အမှန်အမြင်ရောက်လာတယ်ဆိုတော့ ဆရာ ဘုန်းကြီး ဒီဥစ္စာ တို့ကို ဘာမျက်လုံးတပ်ပေးလိုက်ပါလိမ့်မဝုံးလို့ မေးတဲ့အခါ ဖြူစင်တဲ့ မျက်လုံးတပ်ပေးပါ (မှန်ပါ)၊ ကိလေသာ တိမ်သလ္လာမြူတွေ မသန်းဘဲနဲ့ မြင်တဲ့အမြင်ဟာ အရိယာ အမြင် ဖြူစင်တဲ့အမြင်လို့ မှတ်လိုက် (မှန်ပါ)၊ အဲဒါ သမ္မာ ဒိဋ္ဌိပဲ (မှန်ပါ)။

ဒါဖြင့် စိတ္တံအနိစ္စန္တိပဿတိ။ သာယံဒိဋ္ဌိသမ္မာဒိဋ္ဌိ။ စိတ္တံ- မိမိစိတ်ကို။ အနိစ္စန္တိ-အနိစ္စဟူ၍။ ပဿတိ-မြင်၏။ ထိုအမြင် သည် သမ္မာဒိဋ္ဌိအမြင်ဆိုတော့ ၂-နံပါတ်ထဲမှာပါတဲ့ စိတ်ကို အလယ်ကနေဖြစ်ပြီးသကာလ ၃-နံပါတ်မကူးဘဲနဲ့ ၃-နံပါတ် အကူးမခံဘဲနဲ့ သဠာယတနထဲမှာပါတဲ့ စိတ်ကြည့် လိုက်လို့ရှိရင် သမ္မာဒိဋ္ဌိဖြစ်သွားတာပဲ၊ (မှန်ပါ)။

## ၃–နံပါတ်မကူးရင် သမ္မာဒိဋ္ဌိ

ဒီဘက်ကူးလို့ရှိရင် မိစ္ဆာဒိဋ္ဌိဖြစ်တော့မယ် (မှန်ပါ)၊ ၃-နံပါတ်ကူးရင် မိစ္ဆာဒိဋ္ဌိဖြစ်တော့မယ် (မှန်ပါ)။ ၃-မကူးဘဲနဲ့၊

ဒီကနေပြီး ကြည့်နေလို့ရှိရင် သမ္မာဒိဋ္ဌိဖြစ်တော့၍ ဩော်-သမ္မာ ဒိဋ္ဌိဆိုတဲ့ဥစ္စာသည်ကားလို့ဆိုရင် ဖြူစင်တဲ့အမြင်ဆိုတာကြောင့် မဖြူစင်တဲ့အမြင်ဆိုတဲ့ဒိဋ္ဌိ၊ ဒိဋ္ဌုပါဒါန်ပြုတ်ထွက်သွားတယ် (မှန်ပါ)၊ ဒီထဲမှာတော့ တဏှာဥပါဒါန်လို့ ရေးထားတယ်၊ (မှန်ပါ)။ ဒိဋ္ဌိ၊ ဒိဋ္ဌုပါဒါန်လို့လဲမှတ်လိုက်ပါဦး (မှန်ပါ)။ ပေါ်ကြပြီလား. . . (ပေါ်ပါပြီဘုရား)။

ဒိဋ္ဌိ၊ ဒိဋ္ဌု ပါဒါန်လို့လဲမှတ်လိုက်ပါအုံး (မှန်ပါ)၊ တဏှာနဲ့ ဒိဋ္ဌိကရောနေလို့ တဏှာပြဋ္ဌာန်းလို့ တဏှာဥပါဒါန်လို့ ဟောတော်မူတာ (မှန်ပါ)၊ စင်စစ်တော့ ဒိဋ္ဌိ ဒိဋ္ဌုပါဒါန်လဲဟုတ်ပါတယ်လို့လဲမှတ်ရမယ်နော်. . . (မှန်လှပါ ဘုရား)။

နို့မဟုတ်လို့ရှိရင် သောတာပန်တွင် ဘယ်မှာနေတော့မတုံး၊ တဏှာသတ်တယ်ဆိုကတည်းက သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်သွားမှာပေါ့-နော်. . . (မှန်လှပါဘုရား)။ အခုဟာက သောတာပန်မတည်သေးတဲ့ ပုဂ္ဂိုလ်တွေကို သောတာပန်တည်အောင် ဟောရတဲ့အတွက် ဒိဋ္ဌိ၊ ဒိဋ္ဌုပါဒါန်၊ ဒိဋ္ဌိအုပ်ချုပ်တဲ့ကံလို့သာ မှတ်လိုက် (မှန်ပါ)၊ ရှင်းပြီလား (ရှင်းပါပြီ)။

ကောင်းပြီ၊ ဒီပဋိစ္စသမုပ္ပါဒ်ဟာ အခုဟာက သောတာပန် ပဋိစ္စသမုပ္ပါဒ်ကိုဟောနေတယ်၊ (မှန်လှပါ)၊

သကဒါဂါမ်၊ အနာဂါမ် ပဋိစ္စသမုပ္ပါဒ် မဟောရသေးဘူး (မှန်လှပါ)၊ နောက်မှဟောမယ်. . . (မှန်လှပါ)။

ကဲ. . . ဒါဖြင့် သဠာယတနထဲမှာရှိတဲ့စိတ်ကို မနာယတန ဆိုတဲ့စိတ်ကို ဦးမြမောင်တို့ သိချင်တဲ့အခါ ကျတော့ မောင်သစ်တို့ ကုသိုလ်လုပ်ထားတဲ့ စာရွက်ကလေး ကြည့်လိုက်တော့ ဆယ့်နှစ်မျိုးပါနေတယ် (မှန်လှပါ)။ အဲဒါ မနာယတနချည့်ပဲ (မှန်ပါ)။

စက္ခုသောတဃာနဇိဝှာကာယမန၊ မနကို ခွဲလိုက်တဲ့ အခါကျတော့ ဆယ့်နှစ်မျိုး သွားတွေ့လိမ့်မယ်၊ (မှန်ပါ)။ ဆယ့်နှစ်မျိုး သွားတွေ့တဲ့အခါကျလို့ရှိရင် လာတိုင်းလာတိုင်း ဒီဆယ့်နှစ်မျိုး လာချင်တာကလာ အနိစ္စလို့ ခင်ဗျားတို့ မြင်နေလို့ရှိရင် ဖြူစင်တဲ့ မျက်လုံးနဲ့မြင်တယ် (မှန်ပါ)။ ဒါအရိယာမျက်လုံးတပ်ပေးလိုက်ပါတယ် (မှန်ပါ) ဦးကျော် မောင် ရှင်းပြီလား. . . (ရှင်းပါပြီ)။

အဲဒီအရိယာမျက်လုံး တပ်ပေးလိုက်သည်နဲ့ တစ်ပြိုင်နက်တည်း သမ္မာပသံတဲ့၊ အဲဒီကဲ့သို့ ကောင်းစွာ မြင်လို့ရှိရင်ကွာတဲ့ အနိစ္စမြင်လို့ရှိရင် (ဝါ) ဖြစ်ပျက်မြင်လို့ရှိရင် သမ္မာပသံနိဗ္ဗိန္ဒတိ။ ငြီးငွေ့ခြင်းဖြစ်လာတာပါပဲ။ ဘယ်နည်း နဲ့မှ အမှန်မြင်တဲ့ပုဂ္ဂိုလ် မငြီးငွေ့ဘဲ မနေနိုင်ဘူးတဲ့ (မှန်ပါ)၊ ဒီနေရာမှာပဲ ငြီးငွေ့မှာပဲ (မှန်ပါ)။

## မဂ္ဂင်ရှစ်ပါးပြည့်သွားရင်သောတာပန်တည်တာပဲ

ဒီနေရာမှာ ခုနင်က အမှန်မြင်ခဲ့တယ်မဟုတ်လား (မှန်ပါ)။ ဒီနေရာမှာပဲ ငြိမ်းငွေ့မယ်၊ ဒီနေရာမှာပဲ ဝိရဋ္ဌတိ တပ်ခြင်း ကင်းတာလဲ ဒီနေရာမှာပဲလာမှာပဲတဲ့။ ဒီဘက်ကို ကူးသေးရဲ့လား (မကူးပါဘူး)။ ၃-နံပါတ်ကို မကူးတော့လို့ ဒီဒကာ ဒကာမတွေ ဘာဖြစ်မလဲလို့ မေးတဲ့အခါကျလို့ရှိရင် မကူးတဲ့အချိန်ကစပြီး၊ ဒီနေရာမှာ မဂ္ဂင်ရှစ်ပါး ပြည့်သွားလို့ ရှိရင် ဒါသောတာပန်တည်တာပဲ. . . (မှန်ပါ)။

သောတာပန်တည်တော့ ဒိဋ္ဌိ-ဒိဋ္ဌုပါဒါန်၊ ဒိဋ္ဌိ အုပ်ချုပ်တဲ့ကံ ဒီသုံးခုသေသွားပြီ။ ဒိဋ္ဌိ၊ ဒိဋ္ဌု ပါဒါန်၊ ဒိဋ္ဌိ အုပ်ချုပ်တဲ့ကံ၊ အပါယ်ဇာတိ-အပါယ်ဇရာ၊ အပါယ်မရဏ တော့ဖြင့် နှစ်ကွက် စလုံးပြုတ်သွားပြီ (မှန်ပါ)။ ၃-လဲပြုတ်၊ ၄-လဲပြုတ်တာပဲ (မှန်လှ ပါ) ၃-ရော၊ ၄-ရော ပြုတ်ငြား သော်လည်း တဏှာဥပါဒါန်ကံ၊ သုဂတိဇာတိ သုဂတိဇရာ မရဏ ကျန်သေးတယ်။ မကျန်ဘူးလား (မှန်ပါတယ်) သောတာပန်ဟာ အပါယ်ဇာတိအပါယ်ဇရာ မရဏတင် အကုန်သွားတာ (မှန်ပါ)။

အဲဒီတော့ကို လေးခါလုပ်ရမှာပဲ၊ သောတာပန် တည်ချင် တစ်ခါလုပ်ရမယ်၊ သကဒါဂါမ်တည်ချင်ရင်

တစ်ခါလုပ်ရမယ်၊ အနာဂါမ်တည်ချင်ရင် တစ်ခါလုပ်ရမယ်၊ ရဟန္တာဖြစ်ချင်ရင်. . . (တစ်ခါလုပ်ရပါမယ်)။

ဒါဖြင့် ဒီပဋိစ္စသမုပ္ပာဒ်ဟာ လေးမျိုးပေါ့၊ ဝေတော့ တစ်ရွက်တည်းဝေထားတယ် (မှန်လှပါ)။ ခင်ဗျားတို့မှာတော့ ဒါ ၄-ချပ်ရှိတယ်လို့မှတ်ရမယ်၊ (မှန်ပါ) မမှတ်ထိုက်ဘူးလား (မှတ်ထိုက်ပါတယ်)၊ ၄-ချပ်ရှိတယ်လို့ မှတ်လိုက်ကြစမ်းပါ။

ကိုင်းဒါဖြင့် ဖြစ်ပျက်မြင်လို့ရှိရင် သမ္မာဒိဋ္ဌိဖြစ်သွားပြီ၊ သမ္မာဒိဋ္ဌိဖြစ်သွားတော့ကို ဦးကျော်မောင်တို့က မှတ်ရမယ်၊ ဦးမြမောင်တို့က မှတ်ကြပါ။ ဩော်. . . သမ္မာဒိဋ္ဌိဖြစ်သွားလို့ရှိရင် သမ္မာသင်္ကပ္ပဆိုတဲ့ဥစ္စာဟာ မှတ်ထားပါ။ သမ္မာဒိဋ္ဌိဆိုတဲ့ဥစ္စာသူ ဖြစ်ချင်လို့ဖြစ်တဲ့ သမ္မာဒိဋ္ဌိမဟုတ်ဘူး၊ ကမ္မာသင်္ကပ္ပက အကြံကောင်းလို့ဖြစ်တာ (မှန်ပါ)။ သမ္မာသင်္ကပ္ပအကူအညီမပါဘဲနဲ့ သမ္မာဒိဋ္ဌိမဖြစ်ဘူး (မှန်ပါ) ဒါ့ကြောင့် ဒီနေရာမှာ မဂ္ဂင်ငါးပါးဖြစ်တယ်လို့ ယူလိုက်တယ် (ရှင်းပါပြီ)။

## ပညာမဂ္ဂင်

မဂ္ဂင်ငါးပါးမဖြစ်ဘူးလား (ဖြစ်ပါတယ်)၊ ဘာဖြစ်လို့တုံးဆိုတော့ သမ္မာဒိဋ္ဌိကမျက်လုံးနဲ့တူတယ်၊ သမ္မာသင်္ကပ္ပက မျက်လုံးမွဲတဲ့ပုဂ္ဂိုလ် အမှန်အကန် အကြီးအသေး မြင်ဖို့

ဆိုတာ သမ္မာသက်ပ္ပမျက်မှန်အကူအညီရမှသာလျှင် ဟို အနိစ္စကို သွားမြင်တယ်၊ (မှန်ပါ) ဒါဖြင့် သမ္မာဒိဋ္ဌိနဲ့ သမ္မာသက်ပ္ပဟာ ခွဲလို့ရပါ့မလား. . . (မရပါဘူး)။

ဒါကြောင့် ခင်ဗျားတို့ဖြစ်ပျက်မြင်တဲ့ ဒကာ ဒကာမ တွေသည် မဂ္ဂင်နှစ်ပါး သေချာတယ်၊ ပညာမဂ္ဂင်နှစ်ပါး သေချာတယ်၊ ရှင်းပြီနော်. . . (ရှင်းပါပြီ)။

## သမာဓိမဂ္ဂင်

ပညာမဂ္ဂင်ဟာ ဘယ်လိုပဲ ပညာရှိနေပေမယ့်လဲကွာ ပညာမဂ္ဂင်နှစ်ပါး သူတို့ချည်းစွမ်းနိုင်သလားလို့ ဒီအနိစ္စ မြင်တဲ့ဉာဏ် သူတို့ချည်းစွမ်းနိုင်သလား မေးတဲ့အခါကျတော့ သမ္မာသတိတဲ့၊ သမ္မာသတိကလဲ ပေါ်လာတဲ့တရားကို ဟိုမှာ ပေါ်တယ်၊ ဟိုမှာပေါ်တယ်ဆိုတာ သူတို့နှစ်ခုကို သတိပေးမှ ဟိုနှစ်ခုက အမှန်မြင်တယ် (မှန်ပါ) အဲဒီတော့ သတိကကော ကင်းလို့ရပါ့မလား . . . (မရပါဘူး)။

သမာဓိကလဲ တစ်ခါတည်း စူးစူးစိုက်စိုက်ဖြစ်အောင် ပညာခေါင်းကို နှိပ်ထားရတယ်၊ ပညာခေါင်းကို နှိပ်ပြီး သကာလ မင်းဘယ်မှမရွေ့နဲ့ (မှန်ပါ)။ ဒီလိုနှိပ်ထားတဲ့ တရားလဲပါလို့ သမ္မာဒိဋ္ဌိတို့ သမ္မာသက်ပ္ပတို့က ခင်ဗျားတို့

ဖြစ်ပျက်ကိုမြင်တာပါ၊ (မှန်ပါ) အဲဒီတော့ သမ္မာသမာဓိ မပါဘဲနဲ့တော့ ပြီးပါ့မလား (မပြီးပါဘူး)။

မပြီးတော့ မင်းတို့သတိတို့၊ သမာဓိတို့ ဘယ်လိုပင် ပေးပြောသော်လဲ ငါတည်းဟူသော ဝီရိယက ဒီနေရာမှာ အားကုန် မတိုက်တွန်းလိုက်လို့ရှိရင် မင်းတို့ကို တွန်းမပေးလို့ရှိရင် မင်းတို့ အနိစ္စရှိရာရောက်အောင် မသွားနိုင်ဘူးတဲ့၊ ဝီရိယက တွန်းပေးရတယ် (မှန်ပါ့)။

ဝီရိယကတွန်းပေးတော့မှ ခုနင်က သတိရော၊ သမာဓိရော၊ သမ္မာဒိဋ္ဌိရော၊ သမ္မာသင်္ကပ္ပရော ဝီရိယက တွန်းပေးလိုက် တဲ့အခါကျမှ အနိစ္စဆီ သွားရောက်တယ် (မှန်ပါ) နို့မဟုတ်ရင် ရောက်ပါ့မလား. . . (မရောက်ပါဘူး)။

## မဂ္ဂင်ငါးပါးနဲ့ဖြစ်ပျက်မြင်တယ်

ဒီတော့ ဩော် . . . ငါတို့ဖြစ်ပျက်တစ်ချက် မြင်လိုက်ရင် မဂ္ဂင်ငါးပါး ရပါကလား၊ မကင်းရာမကင်း ကြောင်း သူတို့ချင်း အကြောင်းအကျိုးဆက်နေတယ် (မှန်ပါ) ငါးပါးစလုံးစုံမှ ဖြစ်ပျက်မြင်တာ (မှန်ပါ) ရှင်းပြီလား. . . (ရှင်းပါပြီ)။

ငါးပါးစလုံးစုံမှ ဖြစ်ပျက်ကို မြင်တော့ ဖြစ်ပျက်ဆိုတာ ဘာတုံးဆိုတော့ ဧကစိတ္တသမာယုတ္တာ-စိတ်တစ်ခုနဲ့ အသက်

ရှင်နေတာ စိတ်အခုသေသွားတာ့ ဦးမြအောင် အသေကို ဦးမြအောင် မဂ္ဂင်ကမြင်တာ (မှန်ပါ)။

ကိုယ့်အသေကို . . . (ကိုယ့်မဂ္ဂင်ကမြင်တာပါ ဘုရား)။

ကိုယ့်မဂ္ဂင်ကမြင်တော့ ဩော်. . . ကိုယ်အသေကိုယ်မြင်အောင် မနည်းကြိုးစားရတယ် (မှန်ပါ)။ သူများအသေတော့ ခင်ဗျားတို့ အသုဘပို့ဖူးလှပါပြီ၊ ကိုယ့်အသေကျတော့ မပို့ဖူးသေးဘူး၊ (မှန်ပါ) ခုကျလိုက်တဲ့ဖြစ်ခြင်းမှ . . . (မှန်ပါ)။

ကိုယ့်အသေကတော့ ခဏခဏသေနေတာ၊ အဲဒါကျတော့ မျက်ရည်လဲမကျဘူး၊ ဉာဏ်ကလဲမမြင်ဘူးဆိုတော့ ဒါနဂိုတုံးက အရိယာမျက်လုံးမတပ်ခင်တုန်းက ကိုယ့်အသေကိုယ့်မမြင်ကြဘူး၊ (မှန်ပါ) အခု အရိယာမျက်လုံးတပ်ပြီးပေးလိုက်တဲ့အခါကျတော့ မောင်သစ်တို့၊ မောင်ချစ်စိန်တို့ ကိုယ့်အသေကိုယ်မြင်လာတယ်. . . (မှန်ပါ)။

ကိုယ့်အသေကလဲ သေးငယ်လိုက်တဲ့ဖြစ်ခြင်းမှ မပြောပါနဲ့တော့ စိတ်ဆိုတာ ပမာဏပြလို့မရဘူး၊ စိတ်ကတော့ရှိတယ် (မှန်ပါ)၊ ပမာဏအရွယ်ဘယ်လောက်တုန်းလို့ မေးတဲ့အခါကျတော့ ပြောပြလောက်အောင် အရွယ်မရှိဘူး (မှန်ပါ) အာရုံပြုတာလဲသူပဲ (မှန်ပါ)။

အဲဒါလောက်သေးငယ်တာကို ခင်ဗျားတို့က မဂ္ဂင် ငါးပါးနဲ့ ပေါင်းဆုံပြီး၊ အကြောင်းအကျိုး မဂ္ဂင်ငါးပါး စေ့ပြီး ကြည့်လိုက်တဲ့အခါကျတော့ မရှိဘူးဆိုတာသိတယ် (မှန်ပါ)၊ ရှိရာကမရှိဘူး ဆိုတာကို ခင်ဗျားတို့သိတယ် (မှန်ပါ)၊ သဘောကျပြီလား (ကျပါပြီ) ရှိရာကမရှိတာကို သိခြင်းသည် ဒါဟာ အရိယာတို့၏အမြင်ပဲ (မှန်ပါ)၊ အရိယာတို့၏ အမြင် ဆိုတဲ့ ဥစ္စာသည် ဖြူစင်တဲ့အမြင် (မှန်ပါ)၊ မှန်ကန်တဲ့အမြင်၊ ဖြူစင်တဲ့အမြင်ဆိုတာ အရိယာတို့၏အမြင်၊ (မှန်ပါ)။

အဲဒါကြောင့် ခင်ဗျားတို့ ဒီအမြင်ရတယ်ဆိုကတည်း က ဩော် . . . တစ်သံသရာလုံးဟာ သူများမသာသာ မြင်ဖူးတယ် ကိုယ့်မသာမမြင်ဖူးဘူး၊ (မှန်လှပါ)။ အခု ဝိပဿနာလုပ်လိုက်တဲ့ အခါကျတော့ ဘာမြင်သတုံးလို့ မေးတဲ့အခါကျတော့. . . ဘာမြင်သတုံးလို့ မေးတဲ့အခါ ကျတော့ ဦးမြအောင် ဖြေတတ်သလား. . . (ဖြေတတ်ပါပြီ ဘုရား)၊ ဘာတုံး. . . (ကိုယ့်မသာကိုယ်မြင်ပါတယ်ဘုရား)။

## ကိုယ့်ဒုက္ခကိုယ်မြင်တယ်

ကိုယ့်မသာကိုယ်မြင်တယ်ဆိုတော့ ကိုယ့်အသေ ကိုယ်မြင်တယ်၊ကိုယ့်အသုဘ ကိုယ်မြင်တယ်၊ ကိုယ့်ဒုက္ခ ကိုယ်မြင်တယ်၊ မဟုတ်ဘူးလား. . . (မှန်လှပါ)၊ ကိုယ့်အနိစ္စ

ကိုယ်မြင်တယ်၊ ကိုယ့်ဒုက္ခကိုယ်မြင်တယ်၊ ကိုယ့်အနတ္တ ကိုယ်မြင်တယ်၊ ကိုယ်မြင်တယ်ဆိုကတည်းကိုက ဒီဥစ္စာက အရိယာမျက်လုံးနဲ့မြင်တာ. . . (မှန်ပါ)။

သမထတန်ခိုးကြောင့် ဖြဟ္မာကြီးတွေဟာ လူ့ပြည်မှာ အပ်ကျတာကို ဗြဟ္မာကြီးတွေ ဗြဟ္မာပြည်ကနေပြီး ကြည့်တာကို မြင်တယ် (မှန်ပါ)။ ဒါပေမယ့် သူ့အနိစ္စမမြင်ဘူး၊ အရိယာမျက်လုံးမပါလို့ (မှန်ပါ)။

တန်ခိုးမျက်လုံးနဲ့တော့ မြင်တယ်၊ လူ့ပြည်မှာ အပ်ကျတာမြင်တယ်၊ အရိယာမျက်လုံးမပါတော့ သူ့ခန္ဓာပျက်နေတာ သူမမြင်ဘူး၊ ပုထုဇဉ်ဗြဟ္မာတွေဟာ (မှန်ပါ)၊ ရိပ်မိပလား (ရိပ်မိပါပြီ)။

အဲဒီတော့ ခင်ဗျားတို့မှာ အရိယာမျက်လုံးကို ဆရာဘုန်းကြီးက အခုတပ်ပေးလိုက်တော့ မြင်စိတ်ကလေး ပေါ်လာတာလဲ ကြည့်လိုက်တော့ မရှိဘူး၊ ကြားစိတ်ကလေး ပေါ်လာတာလဲ ကြည့်လိုက်တော့ မရှိဘူး၊ နံစိတ်ကလေး ပေါ်လာတာလဲ (မရှိတော့ပါဘူး)။ မရှိဘူး မရှိဘူးဆိုတဲ့ ဥစ္စာကိုသိတာ မဂ္ဂင်ငါးပါးနဲ့သိတယ် (မှန်ပါ) မဂ္ဂင်ငါးပါးသည် အရိယာသာဝကတို့၏မျက်လုံး သွားဖြစ်တယ် (မှန်ပါ)၊ ရှင်းပြီလား. . . (ရှင်းပါပြီ)။

အဲဒီတော့ ဗို့အမြင် ရင့်သန်လာတဲ့အခါ သာယံ ဟောတိ သမ္မဒဿနံ၊ သမ္မာပဿံနိဗ္ဗိန္ဒတိ။သမ္မာ-ကောင်းစွာ။ ပဿံ-မြင်သည်ရှိသော်။ နိဗ္ဗိန္ဒတိကို ဒီအသေကြီးခဏခဏ သေတာ ကိုယ့်အသေကိုယ်မြင်လေလေမုန်းလေလေပဲ (မှန်ပါ)။

## ကိုယ့်အသေ ကိုယ်မုန်းတာ နိဗ္ဗိန္ဒဉာဏ်

နိဗ္ဗိန္ဒဉာဏ် နိဗ္ဗိန္ဒဉာဏ်ဆိုတဲ့ဥစ္စာက ဦးမြအောင်တို့က တခြားမှတ်နေတယ်။ ကိုယ့်အသေကိုယ် မုန်းတာကို ဆိုတယ် (မှန်လှပါ)။

ကိုယ့်အသေကို. . . (ကိုယ်မြင်တာ နိဗ္ဗိန္ဒဉာဏ်ပါဘုရား) ကိုယ့်အသေကိုယ် မုန်းတာကို ဆိုတာပဲ။

## မလိုချင်တဲ့ဉာဏ် ချုပ်ရင် အသေပျောက်တယ်

တော်တော်ကြာကျတော့ ကိုယ့်အသေကို ကိုယ်မုန်းပြီးသကာလ ဒီအသေမျိုးဖြင့် မလိုချင်ပါဘူးဆိုတဲ့အခါကျလို့ဆိုရင် အသေတွေပျောက်ကွယ်သွားလိမ့်မယ် (မှန်ပါ)။ မလိုချင်တဲ့ ဉာဏ်ချုပ်ရင် အသေပျောက်တယ် (မှန်ပါ)၊ မလိုချင်လို့ ဒိဋ္ဌိအစွဲအလန်းတွေ ပြုတ်ထွက်သွားလို့ ရှိရင်ဖြင့် အသေကိုပျောက်ကွယ်သွားမယ်. . . (မှန်ပါ)။

**အသေမရှိတဲ့နေရာမြင်လာတယ်**

အသေပျောက်ကွယ်သွားတော့ ခင်ဗျားတို့က ရှုရင်းမတ္တနဲ့ . . . အခုဒီတော့ မရောက်သေးဘူးပေါ့ဗျာ၊ ရောက်အောင် သင်နေတာ (မှန်ပါ)။ ဒီအသေတွေ ပျောက်ကွယ်သွားတဲ့အခါကျတော့ ဩော် . . . အသေမရှိတဲ့နေရာလဲ ရှိသေးသကိုးလို့ နဂိုက အသေတွေမြင်နေတဲ့မျက်လုံးက အသေမရှိတဲ့နေရာကို မြင်လာတယ် (မှန်လှပါ)။ ဘာဖြစ်လို့မြင်သတုံးဆိုတော့ အသေဟာ ဒီနေရာတွင်ပဲ ကွယ်ပျောက်သွားတယ်၊ (မှန်ပါ) ရှုရင်းမတ္တနဲ့ ပျောက်ကွယ်သွားတယ် (မှန်ပါ)။ ခန္ဓာပါ ပျောက်ထွက်သွားတယ် (မှန်လှပါ)၊ သဘောပါပြီလား (ပါပါပြီ)။

ခန္ဓာပါပျောက်ထွက်သွားတော့ ခန္ဓာရှိတုန်းက အသေချည့်ကိုဗျ၊ (မှန်ပါ) စိတ်ပျောက်သွားတော့ ရုပ်လဲပျောက်သွားတယ်၊ (မှန်ပါ)။ စိတ်ပျောက်သွားတော့ စေတသိတ်လဲ ပျောက်တယ်(မှန်ပါ)။ စိတ်၊ စေတသိတ်၊ ရုပ်မောင်သစ်အကုန်ပျောက်တယ်. . . (မှန်ပါ)။

အဲဒီကဲ့သို့ ပျောက်သွားတဲ့အခါကျတော့ နဂိုတုံးက အသုဘ၊ အသုဘပျောက်တယ် (မှန်ပါ)။ နဂိုတုံးက ဒုက္ခသစ္စာ အကုန်ပျောက်သွားတယ် (မှန်ပါ)။ ပျောက်သွားတဲ့အခါကျတော့ ဦးမြမောင်၊ ဦးကျော်မောင်တို့က ဩော်

အသေမရှိတဲ့နေရာလဲ ရှိသေးတာကိုးလို့ သိလာတဲ့အချိန်မှာ အဲဒါအရိယာမျက်လုံး အစစ်မြင်တာ (မှန်ပါ)။ အသေ မြင်တော့ အရိယာတို့၏ တပည့်သားမျက်လုံးနဲ့မြင်တယ် (မှန်ပါ) သဘောပါပြီလား. . . (ပါပါပြီ) အသေ ဆုံးသွား တာ မြင်လို့ရှိရင် အရိယာမျက်လုံးအစစ်နဲ့ မြင်တာလို့ မှတ်လိုက်စမ်းပါ . . . (မှန်လှပါ)။

## အသေဆုံးသွားတာနိဗ္ဗာန်

အဲဒီတော့ အသေဆုံးသွားတာ နိဗ္ဗာန်လို့ခေါ်တယ်၊ နိဗ္ဗာန်ဆိုတာ ဘာတုံးဆိုလို့ရှိရင် ခန္ဓာနိရောဓော၊ နိဗ္ဗာန်။ ဒီဘက် ခန္ဓာတွေ တွေ့သေးရဲ့လား . . . (မတွေ့ပါဘူး)။

ဒါတွေဟာ အသေဓာတ်တွေပဲ (မှန်ပါ)၊ ဒါတွေဟာ ခုရေးထားလို့ ငါးခုတန်းနေတာ (မှန်ပါ)၊ ဖြစ်နေတော့ တစ်ခု တည်းပဲ (မှန်ပါ)၊ တစ်ပေါင်းတည်း တစ်ခုချုပ်တော့ အကုန်ရောချုပ်တာပဲ (မှန်ပါ) တစ်ခုချုပ်တော့ အကုန် ချုပ်လို့ ၂-နံပါတ် အကုန်ရောချုပ်သွားတဲ့အခါကျတော့ ဦးမြမောင် ရှုနေတဲ့ဉာဏ်က ဒီကြားထဲမှာ ဩော်. . . ဒီဘက်ဘာမှ မရှိတော့ပါလားဆိုတာ မသိပေဘူးလား (သိပါတယ်)။ ဒါတွေက ဘာတွေတုံးဆိုတော့ ဒုက္ခသစ္စာ အသေဓာတ်တွေ ဘုရား (မှန်ပါ)။

၂-နံပါတ်ဟာဘာတုံး . . . (ဒုက္ခသစ္စာအသေခောတ်တွေပါ)။

ဒုက္ခသစ္စာအသေခောတ်တွေဆိုတာ ခင်ဗျာတို့က သိပြီးသကာလနေတော့၊ ဟင် . . . အသေမရှိတော့ ပါကလား. . . (မှန်ပါ)။

## အသေမရှိတဲ့နေရာ ကိုယ်တိုင်မြင်တယ်

ဩော်-ဒါဖြင့် အမတဆိုတာမသေခြင်း၊ အမတဆိုတာ ငါရောက်ပါပေါ့လားဆိုတာ သူများပြောရတာ မဟုတ်ဘူး၊ အသေမရှိတဲ့နေရာကိုယ်တိုင်မြင်လာတယ် (မှန်ပါ)။

ဦးဘသန်းကြီးသဘောကျပြီလား. . . (ကျပါပြီ)။ အသေမရှိတဲ့နေရာကို . . . (ကိုယ်တိုင်မြင်လာပါတယ်)။

အဲဒီတော့ ရှေးဦးစွာ အသေမြင်ဖို့၊ နောက်အသေမုန်း ဖို့ (မှန်ပါ)။ နောက်တော့ အသေမကြည့်ချင်တဲ့ အသေဆိုတာ မရချင်တဲ့ ဉာဏ်လဲလာပါရော အသေတွေ ပျောက်ထွက်သွားတယ် . . . (မှန်ပါ)။ အသေပျောက်ကွယ်သွားတော့. . . ၂-နံပါတ် အကွက်ရှိသေးရဲ့လား . . . (မရှိပါဘူး)။

၂-နံပါတ်အကွက်မရှိတာသည် ဘာဖြစ်လို့မရှိတာတုံး မေးတော့ ဟောဒီအသေနဲ့၊ ဟောဒီနောက်က ဒိဋ္ဌိ၊ ဒိဋ္ဌုပါဒါန် ဒိဋ္ဌိအုပ်ချုပ်တဲ့ကံတွေရော ချုပ်သွားတယ်. . . (မှန်ပါ)၊ ဒီဘက် က အသေဇာတိ ဇရာမရဏတွေရော ချုပ်သွားတယ် (မှန်ပါ)။

ဒါဖြင့် - သူလဲချုပ်တယ်၊ သူကော (ချုပ်ပါတယ်)။ သူကော (ချုပ်ပါတယ်)။

သူလဲချုပ်တယ်ဆိုတော့ ကျုပ်တို့မှာ ဒီအတိတ် ကတော့ ချုပ်ပြီးသားမို့ မလိုတော့ဘူး (မှန်ပါ) လိုသေးရဲ့လား (မလိုပါဘူး)။

## နိဗ္ဗာန်နဲ့မဂ်ဉာဏ်ပဲကျန်ရစ်တယ်

မလိုတော့ ကျုပ်တို့မှာ နိဗ္ဗာန်နဲ့မဂ်ဉာဏ်ပဲ ကျန်ရစ် တယ်၊ ဒီပဋိစ္စသမုပ္ပါဒ် အကုန်ပျောက်တယ် (မှန်ပါ)။ မောင်သစ်ပေါ်ပြီလား . . . (ပေါ်ပါပြီ) နောက်ကဒကာ ဒကာမတွေ ပေါ်ကြပြီလား. . . (ပေါ်ပါပြီ)။

သေသေချာချာကြည့်ပါ . . . သေသေချာချာ ကြည့်ပါ။ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရုံနဲ့ မပြီးဘူး၊ အလုပ်နဲ့ သိမ်းတာကိုသိမှ ဒါကအလုပ်နဲ့သိမ်းတာ (မှန်ပါ)၊ ပေါ်ပြီ လား (ပေါ်ပါပြီ)။

ကြည့်ပါများလာတဲ့အခါ ဒီအသေတွေ မလိုချင်တဲ့ အခါကျတော့ ဒီအသေတွေ အကုန်မချုပ်ဘူးလား (ချုပ်ပါတယ်) ချုပ်သွားတော့ ဒီနောက်ကကောဒိဋ္ဌိ၊ ဒိဋ္ဌုပါဒါန်ကော (ချုပ်ပါတယ်) ဒါဖြင့် ၃-နံပါတ်အကွက် ချုပ်သလား၊ ၄-နံပါတ်အကွက်ချုပ်သလားလို့ မေးရင် ဘယ့်နှယ် ပြောကြမလဲ၊ (၃-နံပါတ်ကွက်ချုပ်ပါတယ်)။ ဘယ်ဟုတ်မလဲ၊ ၄-နံပါတ်ကွက်ချုပ်တယ်၊ သူက အတိတ်ကလဲ ချုပ်ခဲ့ပြီးသား၊ သူက အစောကြီးကချုပ်နေတာ၊ သူကကျုပ်တို့နဲ့ မဆိုင်တော့ဘူး။ ကျုပ်တို့ရှိတာက ၁-၂-၃ သာ ကြောက်နေရတယ် (မှန်ပါ)။ သူကတော့ ကျုပ်တို့မှာလွန်ပြီးသား ချုပ်ပြီးသား (မှန်ပါ)။ အကြောင်းအကျိုးသိအောင်လို့သာ ဖော်ရေးထားတာ (မှန်ပါ)။ သူက အခုကျုပ်တို့သန္တာန်ရှိသေးရဲ့လား (မရှိပါဘူး)။

ကျုပ်တို့သန္တာန်သူမရှိတာက ဘာဖြစ်လို့မရှိသတုံးဆိုတော့ အဝိဇ္ဇာက သမ္မာဒိဋ္ဌိဝိဇ္ဇာဖြစ်သွားတယ် (မှန်လှပါ) ဒီတော့ သူရှိသေးရဲ့လား . . . (မရှိပါဘူး)၊ ဒါတွေဟာ သင်္ခါရတရားတွေ ပြုပြင်တတ်တဲ့တရားတွေဟာ ပြုပြင်နိုင်သေးရဲ့လား၊ အပါယ်ရောက်အောင် . . . (မပြုပြင်နိုင်ပါဘူး) မပြုပြင်နိုင်တော့ ဒီသင်္ခါရကလဲ ချုပ်သွားတယ် . . . (မှန်ပါ)။

ဒါဖြင့် သူလဲချုပ်ဟုတ်လား (မှန်ပါ)၊ သူလဲချုပ်၊ သူလဲချုပ်၊ သူလဲချုပ်ဆိုတော့ ဒီနေရာမှာ မဂ္ဂင်နဲ့ ဒီနေရာမှာ နိဗ္ဗာန်ကျန်ရစ်တယ် (မှန်ပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီ)။

၂-နံပါတ်မှာ နိဗ္ဗာန်ကျန်ရစ်တယ်။ ၂-နံပါတ်နဲ့ ၃-နံပါတ် ကြားထဲမှာ မဂ္ဂင်ဝင်လာတယ် (မှန်ပါ)။ မဝင်လာဘူးလား . . . (ဝင်လာပါတယ်)။

## နိရောဓနဲ့ မဂ္ဂကျန်ရစ်တယ်

ဝင်လာတော့ နိရောဓနဲ့ မဂ္ဂကျန်ရစ်တယ်ဆိုတော့ ဒီတစ်ခုလုံးက သမုဒယနဲ့ဒုက္ခကိုးဗျ (မှန်ပါ)။ ပေါ်ပြီလား (ပေါ်ပါပြီ)။ စက်ဝိုင်းတစ်ခုလုံးကဘာတုံး . . . (သမုဒယနဲ့ ဒုက္ခပါ)၊ အခုကျုပ်တို့အားထုတ်ပြီး လုပ်လိုက်တော့ နိရောဓနဲ့ မဂ္ဂကျန်ရစ်တော့တယ် (မှန်ပါ)။ ပဋိစ္စသမုပ္ပာဒ်တစ်ဝိုင်းလုံး မပြုတ်သေးဘူးလား . . . (ပြုတ်ပါတယ်)။

အဲဒီတော့ကို ငါဟာအလည်သမားလား. . . မျောသမား-မြုပ်သမားလားလို့ တွေးဖို့မလိုတော့ဘူး. . . (မှန်ပါ) ပဋိစ္စသမုပ္ပာဒ်ကို ငါအကုန်သိမ်းလိုက်ပြီ၊ ပေါ်ပြီလား. . . (ပေါ်ပါပြီ)။

## မိမိဉာဏ်က ပဋိစ္စသမုပ္ပါဒ်သိမ်းတာ

အဲဒီတော့ ဦးမြမောင်တို့ ဒီရောက်လာတယ်၊ ဦးကျော်မောင်တို့ ဒီရောက်လာတယ်၊ ဦးဘသန်းတို့ ဒီရောက်လာတယ်၊ ပဋိစ္စသမုပ္ပာဒ်ဟာ ဘယ်သူမှ သိမ်းမပေးနိုင်ဘူး၊ ခင်ဗျားတို့ ဉာဏ်မှသိမ်းနိုင်တာ. . . (မှန်ပါ)။

ဒီတရားမဟောဖူးသေးဘူးကွဲ့ မောင်ချစ်စိန် (မှန်ပါ) ပဋိစ္စသမုပ္ပာဒ်လေးမျိုးစလုံးသိမ်းတာ မဟောသေးပါဘူး (မှန်ပါ ဘုရား)၊ ပေါ်ပြီလား. . . (ပေါ်ပါပြီ)။

သိမ်းပုံကိုပေါ်ပြီလား (ပေါ်ပါပြီ)၊ ရှေ့ဦးစွာသူ့ကို ဖြစ်ပျက်မြင်တယ်ဆိုတော့ မသိမ်းသေးဘူး၊ (မှန်လှပါ)၊ ဖြစ်ပျက်မုန်းတော့လဲ မသိမ်းသေးဘူး (မှန်လှပါ) ဖြစ်ပျက်မုန်းတော့လဲ မသိမ်းသေးဘူး (မှန်လှပါ)၊ ဒီဖြစ်ပျက်ဆုံးတဲ့အခါကျတော့ကို ဘာကျန်သေးသတုံး. . . (နိရောဓကျန်ပါတယ်)၊ ဒီဖက် နိရောဓအကုန် ဖြစ်သွားတယ်၊ ဒုက္ခနိရောဓ (မှန်ပါ)၊ ဒုက္ခနိရောဓဆိုတော့ သူက နိဗ္ဗာန်ဖြစ်သွားတော့ ဒုက္ခသစ္စာ ဟုတ်သေးရဲ့လား. . . (မဟုတ်ပါဘူး)၊ သူကနိရောဓသစ္စာ ဖြစ်သွားတယ်၊ သူကကော. . . (သူက မဂ္ဂသစ္စာဖြစ်သွားပါတယ်) မဂ္ဂသစ္စာဖြစ်သွားတော့ ဒါတွေလဲ မဂ်က ပယ်ပစ်လိုက်တော့ရှိသေးရဲ့လား. . . (မရှိပါဘူး)၊ ဒါဖြင့် ၃-လဲပျောက်၊ ၄-လဲပျောက်. . . (မှန်ပါ)။

ဒီကဟာတွေလဲ မဂ္ဂသစ္စာထဲမှာ သူ့ပြောင်းပြန်လုပ်ပြီး တော့ အဝိဇ္ဇာကလဲ ဝိဇ္ဇာဖြစ်သွားတယ်၊ သင်္ခါရကလဲ အသင်္ခါရ ဖြစ်သွားတယ်. . . (မှန်ပါ)။

အသင်္ခါရဖြစ်သွားတော့ကို ဒီမှာနိရောဓ မဂ္ဂကျန်ရစ် တော့ကို ဒုက္ခသမုဒယအဝိုင်းကြီး အကုန်သိမ်းသွားတယ် (မှန်ပါ)။

ဒါမလွယ်ဘူး၊ ဒီနေ့ပြောတဲ့ဥစ္စာက ခင်ဗျားတို့ တရားပွဲထဲ ထည့်ဟောလို့မဖြစ်ဘူး၊ (မှန်ပါ)၊ ဒီမှာလာတော့ ဖြစ်ပါတယ်၊ ဒီမှာတော့ အဝိုင်းကြီးပဲထောက်ပြမှာကိုး. . . (မှန်ပါ)၊ ဟိုမှာတော့ အဝိုင်းကြီးထားစရာက မရှိဘူး (မှန်ပါ)။

အဲဒါကြောင့် ညောင်လေးပင်က ဒကာမကြီးတွေ၊ ဟင်္သာတက ဒကာမကြီးတွေ ဂရုစိုက်ပါ၊ ဒီနေ့ပြောတဲ့ဥစ္စာ သိပ်အရေးကြီးတယ် (မှန်ပါ)။ သိပ်အရေးကြီးတယ်၊ ဒိဋ္ဌဓမ္မောထိ ဖြစ်အောင်လုပ်ပေးနေတာ (မှန်ပါ)။

## သံသရာလည်သမားမဟုတ်တော့ဘူး

ဒိဋ္ဌဓမ္မောပတ္တဓမ္မောဝိဒိတဓမ္မော ပရိယောဂါဠ္ဌ ဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတ ကထံကထော ဝေသာရဇ္ဇ ပတ္တောဆိုတာဟာ ရဲရင့်ခြင်းသို့ရောက်ပြီတဲ့၊ ငါနိဗ္ဗာန် မြင်ထားပြီဆိုတော့ ငါသည် သံသရာလည်သမားလဲ မဟုတ်

တော့ဘူး၊ မဟုတ်ဘူးလား (မှန်လှပါ)။ လည်သမားလဲ မဟုတ်ဘူး၊ မြုပ်သမား၊ မျောသမားကော (မဟုတ်ပါဘူး) မဟုတ်တော့ဘူးဆိုတော့ ဘာသစ္စာဖြစ်လို့ ဒါလောက်တောင် ရဲတာတုံးမေးတော့မှ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာပဲ ကျန်ရစ် တော့တယ် (မှန်ပါ့)။

အဲဒီတော့ ဒီပဋိစ္စသမုပ္ပာဒ် အဝိုင်းကြီးသည် အားလုံး အတွက် ဟောထားတာ၊ အလုပ်မလုပ်တဲ့ပုဂ္ဂိုလ်တွေအတွက် ဟောထားတာ (မှန်ပါ)။ ပေါ်ပြီလား (ပေါ်ပါပြီ)၊ အလုပ် လုပ်တဲ့ ပုဂ္ဂိုလ်အတွက်မှာ အဝိုင်းဇာတ်သိမ်းတယ် (မှန်ပါ)။

ဦးဘသန်းကျေနပ်ပြီလား . . . (ကျေနပ်ပါပြီ) အလုပ်လုပ်တဲ့ပုဂ္ဂိုလ်အတွက်မှာ . . . (အဝိုင်းဇာတ်သိမ်း ပါတယ်)။

ဒါလွယ်ပါ့မလား ဦးမြမောင်။ (မလွယ်ပါဘူးဘုရား)၊ မလွယ်ဘူးတဲ့ဒီဥစ္စာ၊ ခင်ဗျားတို့တစ်သက်နဲ့ တစ်ကိုယ် ဒီတစ်ခါပဲ ကြားတယ် . . . (မှန်ပါ)။

ဒီပဋိစ္စသမုပ္ပာဒ်ကြည့်ပါလား၊ မလိုချင်တော့ ဒုတိယ အကွက်ကလဲပျောက်ထွက်သွားတယ် (မှန်လှပါ)၊ ဒီကြား ထဲကလဲ မဂ်ဝင်လာတယ် (မှန်လှပါ)၊ ဒီကြားထဲမဂ်ဝင်တော့ ဒီအဆက်ကလေးကလဲ ပြတ်သွားတယ် (မှန်ပါ)။ ပြတ်သွား

တယ်ဆိုတော့ သူနဲ့ဆက်သေးရဲ့လား (မဆက်တော့ပါဘူး) သူနဲ့မှမဆက်ပဲ သူကဆက်ချင်လို့ကော (မရပါဘူး)။

မရတော့တစ်ကွက် ရှေးဦးစွာပျောက်တယ်၊ နောက် မဂ်ပေါ်လာတော့ သူကနိဗ္ဗာန်ဖြစ်သွားရော. . . (မှန်ပါ)၊ သူကလဲ သင်္ခါရမဟုတ်တော့ဘူး (မှန်ပါ)။ သူကလဲ သမုဒယသစ္စာ မဟုတ်တော့ဘူး (မှန်ပါ)၊ သူကလဲဒုက္ခသစ္စာ (မဟုတ်တော့ပါ ဘူး)။

မဟုတ်တော့ဘူးဆိုသဖြင့် ပထမအကွက်ကလဲ သူက အကုန်ပြောင်းပစ်လိုက်တယ် (မှန်ပါ)၊ ပဌမအဝိဇ္ဇာကလဲ မဂ္ဂင်ထဲဝင်သွားတယ်၊ ဝိဇ္ဇာသွားဖြစ်တယ် (မှန်ပါ)၊ သင်္ခါရ ကလဲ အသင်္ခါရသွားဖြစ်တယ်၊ သဘောကျပြီလား . . . (မှန်ပါ)။

ဒါဖြင့် ဝိသင်္ခါရဂတံစိတ္တံ တဏှာနံ ခယမဇ္ဈဂါနဲ့ သွားကိုက်တယ် (မှန်ပါ)။ ဝိသင်္ခါရဂတံစိတ္တံ-သင်္ခါရ ကင်းသွားပြီတဲ့၊ ဒီဘက်သင်္ခါရ အလုပ်လုပ်သေးရဲ့လား (မလုပ်တော့ပါဘူး)။ တဏှာနံခယမဇ္ဈဂါတဲ့၊ ဒီဖက်ကဒိဋ္ဌိ အုပ်ချုပ်တဲ့ တဏှာကော ကုန်မသွားဘူးလား (ကုန်သွား ပါတယ်)။

## အနေကဇာတင်တာ ဘုရားအသက်သွင်းတယ်လို့ မှတ်နေတယ်

အဲဒီတော့ မင်းတို့ အနေကဇာတင်တော့ ဝိသဒ္ဒိရဂတ် စိတ္တံဆိုတာ ဒါပျောက်တာပြောတာ. . . (မှန်ပါ)။ တဏှာနံခယ မဇ္ဈဂါဆိုတာ ဒါပျောက်တာပြောတာ (မှန်ပါ)၊ ပေါ်ပြီလား. . . (ပေါ်ပါပြီ)။ ခင်ဗျားတို့က အနေကဇာတင်တယ်ဆိုတာ ဘုရားအသက်သွင်းတယ် မှတ်နေကြတယ်။ ဘယ်ဟုတ်လိမ့်မတုံးဗျ၊ ဒါကုန်တယ်လို့ပြောတာ. . . (မှန်ပါ)။ ရိပ်မိပြီလား (ရိပ်မိပါပြီ)။

## ဘုရားအသက်သွင်းတာမဟုတ်ဘူး

ဘုရားအနေကဇာတင်တယ်ဆိုတော့ တစ်ချို့လူတွေက ဘုရားအသက်သွင်းတယ်လို့ ယူချင်ယူနေတာ (မှန်ပါ)။ ဘုရားအသက်သွင်းတာမဟုတ်ဘူး ဒီဟာတွေပြနေတာ။ ပေါ်ကြပြီလား (ပေါ်ပါပြီ)။

ကဲ-ဒါဖြင့်၊ ဩော်-ဒီဥစ္စာနိရောဓနဲ့ မဂ္ဂ ဘယ်လိုပုဂ္ဂိုလ်များ ရထိုက်ပါလိမ့်မတုံး၊ နိရောဓမဂ္ဂရမှလဲ အဝိုင်းကြီးသိမ်းတယ်၊ ဒါတွေက အကန့်တွေကိုးဗျ၊ (မှန်ပါ)။ သဒ္ဒိရအကန့်တွေဟင် (မှန်လှပါ)။ ဒီဇာတိဇရာမရဏ အကွက်တွေကောရှိသေးရဲ့လား (မရှိပါဘူး)။ ဝင်ရိုးကြီးကော

ရှိသေးရဲ့လား. . . (မရှိပါဘူး)။ အာသဝဝင်ရိုးကြီးလဲ မရှိတော့ဖူး၊ ဒီပုံတောင်းတွေကော (မရှိတော့ပါဘူး)၊ သံပတ်ခွေ အကပ်ကြီးကော (မရှိပါဘူး)၊ အဲဒါတွေ အကုန်ပြုတ်တယ် (မှန်ပါ)။

ကဲ. . . ဒါဖြင့် ဒီနေ့တရားနာရတာဟာ ပဋိစ္စသမုပ္ပာဒ် အဝိုင်းကြီးက ဘယ်လိုပုဂ္ဂိုလ်တွေ အတွက်ပါလိမ့် မတုံးဆိုတော့၊ အို. . . အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ်တွေအတွက် ဟောထားတာ (မှန်ပါ)။ ရှင်းပြီးလား. . . (ရှင်းပါပြီ)။

ဘယ်ပုဂ္ဂိုလ်အတွက် ဟောထားတာတုံး (အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ်အတွက်ပါ)။

အလုပ် လုပ်တဲ့ပုဂ္ဂိုလ်အတွက်မှာ လေးကွက်စလုံး ပျောက်တယ် (မှန်လှပါ)။ ပျောက်ရမှာပဲတဲ့ မလိုချင်တော့ ဒါတွေ ကနိရောဓသစ္စာသွားဖြစ်တယ် (မှန်ပါ)။ ဒီကြားထဲက ဟာတွေက (မဂ္ဂသစ္စာသွားဖြစ်ပါတယ်)။

မဂ္ဂသစ္စာသွားဖြစ်တော့ ခင်ဗျားတို့ ပဋိစ္စသမုပ္ပာဒ် အဝိုင်းကြီးဟာ သမုဒယနဲ့ဒုက္ခပဲပါတယ် (မှန်ပါ)၊ ကြည့်ပါ။ ၄-ဖက်စလုံး မှာ သမုဒယနဲ့ ဒုက္ခချုပ်ပဲ. . . (မှန်ပါ)။

အဲဒီတော့ ၂-နံပါတ်အကွက်မှာ ခန္ဓာမရှိတော့ဘူး၊ ခန္ဓာမရှိတဲ့နိဗ္ဗာန်ကို ၂ နဲ့ ၃ ကြား မဂ္ဂသစ္စာဝင်ပြီး

မြင်လိုက်တဲ့အခါကျတော့ နိရောဓနဲ့ မဂ္ဂပဲကျန်ရစ်တော့တယ် (မှန်ပါ) ပေါ်ပြီလား. . . (ပေါ်ပါပြီ)။

နိရောဓနဲ့ မဂ္ဂပဲကျန်တော့၊ ဩော်. . . . တို့ပဋိစ္စသမုပ္ပာဒ်ကြီး တို့နားလည်ထားတာကြီး ကုန်ပါပေါ့လားဆိုတော့ တို့သံသရာကုန်တာပြောတာ (မှန်ပါ)။ ကိုယ့်သံသရာကုန်သွားတာကို ကိုယ်မြင်တယ် . . . (မှန်ပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီ)။

အဲဒီတော့ ဦးမြမောင်တို့၊ ဦးကျော်မောင်တို့ကမျက်၊ ဘုရားဖြစ်ချင်တော့ အားထုတ်တာများလာတော့ ပဋိစ္စသမုပ္ပာဒ် အစကိုလဲဖြတ်လိုက်တယ်၊ အဆုံးကိုလဲ သိလိုက်တယ်၊ အစကိုလဲ ပယ်လိုက်တယ်၊ ပယ်လိုက်တဲ့အတွက် အဆုံးပါ ပျောက်သွားတဲ့ အချိန်မှာ ဘုရားဖြစ်တယ် (မှန်လှပါ)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီ)။

## ပဋိစ္စသမုပ္ပါဒ်ဆင်ခြင်မှ ဘုရားဖြစ်တယ်

အစသိ၊ အဆုံးသိပြီးသကာလမှ ငါဖြင့် ဒီနှစ်ခုကို အကုန်သိပြီး တာတွေ အကုန်ငါ့မှာဖြင့် မရှိတော့ဘူးလို့ သိတဲ့အချိန်မှာ ဘုရားဖြစ်လာတယ်တဲ့ (မှန်ပါ)၊ ဒါ ပဋိစ္စသမုပ္ပာဒ်ဆင်ခြင်မှ ဘုရားဖြစ်တယ်ပြောတာ (မှန်ပါ) ရှင်းပြီလား (ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ဒီနေ့အလုပ်လုပ်လို့ရှိရင်ဖြင့် သောတာပန် စခန်းဟာ ဒီဒုက္ခချုပ်အောင်သာ ခင်ဗျားတို့ ရှုမယ်ဆိုလို့ ရှိရင် စိတ်တစ်ခုရှုရင်လဲ အကုန်ချုပ်မှာပဲ (မှန်ပါ)၊ ချုပ်သည်နဲ့ တစ်ပြိုင်နက်တည်း ဝိပဿနာမဂ်က မဂ်စစ် ဖြစ်လာလို့ရှိရင်ဖြင့် ဒီတစ်ဝိုင်းလုံး အကုန်ပျောက်မယ်၊ (မှန်ပါ)၊ မပျောက်ဘူးလား (ပျောက်ပါတယ်)။ ဒီဒုက္ခက နိရောဓသွားတယ် (မှန်ပါ)။ သမုဒယအနေကိုမဂ္ဂက ပယ်ပစ်ချလိုက်တယ်၊ သမုဒယနဲ့ အကျိုး တရားတွေကော ကျန်ရစ်သေးရဲ့လား (မကျန်ရစ်ပါဘူး)။ ဒီတော့ အဝိဇ္ဇာကလဲ ဘာဖြစ်သွားသတုံး (ဝိဇ္ဇာဖြစ်သွားပါတယ်)။

သင်္ခါရကလဲ ဝိသင်္ခါရသွားဖြစ်တယ်။ ဝိသင်္ခါရဂတံ စိတ္တံကိုးဗျ၊ ခင်ဗျားတို့မဂ္ဂင်ဖြစ်တော့ ဝိသင်္ခါရဂတံဖြစ်တယ် (မှန်ပါ)။ ခင်ဗျားတို့ မဂ္ဂသစ္စာကသင်္ခါရကင်းစိတ် (မှန်ပါ) ခင်ဗျားတို့ မဂ္ဂသစ္စာက သင်္ခါရကင်းစိတ် (မှန်ပါ)၊ ဝိသင်္ခါရ ဂတံစိတ္တံတဏှာနံ ခယမဇ္ဈဂါ ဒါတွေကုန်ပါပြီတဲ့။ မကုန်ပေဖူးလား . . . (ကုန်ပါပြီ)။

ဘယ်လောက်နက်နဲတယ်ဆိုတာ ဦးဘသန်း ရိပ်မိ ပြီလား (ရိပ်မိပါပြီ)။ ဘယ်မှာ ဒီဥစ္စာစာအုပ်ကြည့်လို့လဲ အခက်ကြီး (မှန်ပါ)။ စာအုပ်ကြည့်လိုက်ပြန်လဲ ခက်ပြီး လုပ်ကြည့်မှ သူပေါ်လာတယ် (မှန်ပါ)။

## ကိုယ့်ဟာကိုယ်လုပ်လို့ နိဗ္ဗာန်ကိုမြင်တာ

ဒါဖြင့် ဒီနေရာမှာ နိဗ္ဗာန်ကို ခင်ဗျားတို့ မြင်နေရတော့ ဒါတွေဒုက္ခချုပ်သွားပြီ။ ဒါတွေ မဂ္ဂသစ္စာနဲ့မြင်တဲ့အခါကျတော့ ဩော်. . . ဘယ်ပုဂ္ဂိုလ်များ မြင်ပါလိမ့်မတုံးဆိုတော့ အရိယာမျက်လုံး စရပြီး အရိယာမျက်လုံးအစစ်ဖြစ်သွားတဲ့ပုဂ္ဂိုလ်မှဖြစ်တယ်၊ ကိုယ့်ဟာကိုယ်လုပ်လို့ ကိုယ်မြင်တာကိုး (မှန်လှပါ)။ ရှင်းပြီလား (ရှင်းပါပြီ)။

## မင်္ဂကိုအမျှပေးလို့မရဘူး

ဒါဖြင့် နိဗ္ဗာန်မြင်တဲ့ ပုဂ္ဂိုလ်များဟာသူများကြောင့်မြင်တာလား၊ ကိုယ့်အလုပ်နဲ့ ကိုယ်မြင်တာလား . . . (ကိုယ့်အလုပ်နဲ့ ကိုယ်မြင်တာပါ) ဒါဖြင့် အမျှပေးလို့မရဘူး (မှန်လှပါ) မဂ်ကို အမျှပေးလို့မရဘူး၊ (မှန်လှပါ)၊ ရှင်းပြီလား (ရှင်းပါပြီ)။

သားတွေ သမီးတွေ ခင်ပါတယ်၊ သားမယားတွေကြင်နာပါတယ်ဆိုငြားသော်လဲ ကိုယ်လုပ်မှ ကိုယ်မြင်မည်၊ နိဗ္ဗာန်ဆိုတာရိပ်မိပလား . . . (ရိပ်မိပါပြီ)။

ဒီပြင် ဒါနကုသိုလ်၊ သီလကုသိုလ်တွေ အမျှပေးလို့ရတယ်။ သူကတော့ မရဘူးတဲ့၊ ကိုယ်ပန်ထားတဲ့ ပန်းဟာကိုယ်သာလှတာပဲ၊ သူများဘယ်တော့မှ မလှဘူး (မှန်ပါ)၊

ကိုယ့်မဂ္ဂင်ဟာ ကိုယ်သာပန်ထားသောကြောင့် ကိုယ်သာလှတာပဲ၊ သူများ မလှဘူးတဲ့ (မှန်ပါ)။ ရှင်းပြီလား (ရှင်းပါပြီ)။

## နိဗ္ဗာန်ဆိုတာ

ကဲ-ဒါဖြင့် နိဗ္ဗာန်အကြောင်းကို ယနေ့ပြောတော့မယ်၊ နိဗ္ဗာန်ဆိုတာ ဦးကျော်မောင်တို့ မှတ်လိုက်စမ်းပါ၊ (မှန်လှပါ)။ ကျောက်တောင်ကြီးတစ်ခုရှိတယ်တဲ့။ ကျောက်တောင်ကြီးတစ်ခုရှိ ပြီးသကာလနေတော့ ဒီကျောက်တောင်ကြီးဟာက ကျုပ်တို့ စစ်အတွက်သုံးမယ်ဆိုတော့ ကျောက်တောင်ကိုပိုတူးကြရမယ်၊ စစ်သုံးဖို့ဆိုရင် မတူးကြရဘူးလား၊ (တူးကြရပါတယ်)။

တူးတော့ ဦးကျော်မောင်၊ ဦးမြမောင်တို့ ခင်ဗျားတို့ဘာလုပ်ဖို့တူးသတုံး . . . အို. . . အောင်းဖို့ပေါ့ဗျာ၊ ကာကွယ် ဖို့ပေါ့ဗျာ. . . (မှန်ပါ)။

## ကျောက်တောင်ကြီးဥပမာ

နဂိုက ဒီကျောက်တောင်ကြီးဟာ မတူးခင်က လိုဏ်ကြီး ခေါင်းကြီးအောင်းစရာရှိသလားလို့ မေးရင် ဘယ့်နှယ်ဖြေမလဲ . . . (မရှိပါဘူးဘုရား)။

ဒါဖြင့် သူတူးတဲ့ပုဂ္ဂိုလ်၏ လုံ့လပယောဂကြောင့် ရှိလာတာ . . . (မှန်လှပါ)၊ သဘောကျပြီလား . . . (ကျပါပြီ)။

ဒီလိုပဲ. . . ဒီနိဗ္ဗာန်ဟာ မှတ်လိုက်ပါတော့၊ ပစ္စုပ္ပန် ကာလမှာလဲ မရှိဘူး၊ မတူးတဲ့ ပုဂ္ဂိုလ်မှာ (မှန်ပါ)။ အတိတ် ကာလကလဲ မရှိခဲ့ဖူးဘူး၊ (မရှိခဲ့ပါဘူး)၊ အနာဂတ်ကာလ မှာကော (မရှိပါဘူး) ဒါကြောင့် နိဗ္ဗာန်ဟာ ကာလသုံးပါး လွတ်တယ် (မှန်ပါ)။

ပစ္စုပ္ပန်ကာလရှိနေလို့ရှိရင် လူတိုင်းဝင်အောင်းမှာ ပေါ့ဗျာ (မှန်ပါ)၊ မဟုတ်ဘူး၊ တူးတဲ့ပုဂ္ဂိုလ်မှသာလျှင် အောင်းလို့ရတယ် (မှန်ပါ)၊ အခုတူးလို့ အခုအောင်းလို့ရတာ (မှန်ပါ)။ ရှေးက ရှိနှင့်လို့ရှိရင်လဲ နိဗ္ဗာန်ဟာ ရှေးကလူတွေ အကုန်ရောက်ကုန်မှာပေါ့ . . . (မှန်ပါ)။

## နိဗ္ဗာန်ဟာ ကာလသုံးပါးက လွတ်တယ်

ဒါကြောင့် အလုပ်မလုပ်တဲ့ပုဂ္ဂိုလ်မှာရှေးက မရှိတာ ကြောင့် အတိတ်မှာလဲ နိဗ္ဗာန်မရှိ။ အနာဂတ်မှာလဲ. . . (မရှိပါဘူး) ပစ္စုပ္ပန်မှာလဲ မတူးတဲ့ပုဂ္ဂိုလ်မှာ. . . (မရှိပါဘူး ဘုရား)။

ကဲ. . . ခင်ဗျားတို့ ဖြစ်ပျက်ကို နှလုံးသွင်းနေတာ သူပုန်းဖို့တူးနေတာ (မှန်ပါ)။ နိဗ္ဗာန်တည်းဟူသော ပုန်းအောင်းရာ လဲလျောင်းရာ ကာကွယ်ရာ ဒါကြီးပေါ် အောင်လို့ ခင်ဗျားတို့ ဖြစ်ပျက်လုပ်နေတာ (မှန်ပါ)။ ဒါဂူတူး နေတာ (မှန်ပါ)။

ဂူတူးနေတဲ့အခါကျတော့ ဒီဂူကြီးဟာက ဩဘ်-အသေလွတ်တဲ့နေရာပါလားဆိုတဲ့ဥစ္စာ ခင်ဗျားတို့ ရဲရဲ တင်းတင်းနေကြ သလိုပေါ့ဗျာ . . . (မှန်ပါ)။ ဘယ်လောက် တန်ဖိုးတွေကျကျ ကိုယ်တူးထားတဲ့ဂူက အပေါ်ကလဲ အမြင့်ကြီး ဘေးကလဲ ဖိုးဆံတွေစင်ပြီး ဝင်စရာမရှိဘူးဆိုပြီး စိတ်ချလက်ချ ကိုယ်၏ ပုန်းအောင်းရာ ကိုယ်၏လဲလျောင်း ရာ ကိုယ်၏ကာကွယ်ရေး မဖြစ်ဘူးလား . . . (ဖြစ်ပါတယ် ဘုရား) ဘယ်သူ၏ကာကွယ်ရေးတုံးမေးတော့ တူးတဲ့ ပုဂ္ဂိုလ်၏ကာကွယ်ရေး . . . (မှန်ပါ)။

ဒါဖြင့် ခင်ဗျားတို့ ဖြစ်ပျက်မြင်အောင်ကြည့် ဖြစ်ပျက် မုန်းအောင်ကြည့် ဖြစ်ပျက်ဆုံးအောင်ရှုဆိုတဲ့ဥစ္စာ ခင်ဗျားတို့ ကာကွယ်ရေး ခင်ဗျားတို့ရှာနေတာ . . . (မှန်ပါ)။

ခင်ဗျားတို့ကာကွယ်ရေး ခင်ဗျားတို့ရှာပြီးသကာလ နေတော့ ကာလသုံးပါးလွတ်ပါတယ် တဲ့. . . နိဗ္ဗာန်ဟာ (မှန်ပါ) ပေါ်ပြီလား . . . (ပေါ်ပါပြီ)။

ဒီဂူကြီးက နဂိုကကျောက်တောင်ကြီး (မှန်ပါ) ခင်ဗျားတို့ လုံ့လပယောဂနဲ့တူးလို့သာ ပေါ်လာတာ (မှန်ပါ)။

အဲဒီတော့ အတိတ်ကရှိနှင့်သလား ဒီအခေါင်းကြီး ဟာ (မရှိနှင့်ပါဘူး)၊ အနာဂတ်မှာ တူးထားနှင့်တာကော ရှိရဲ့လား . . . (မရှိပါဘူး)၊ ပစ္စုပ္ပန်မှာကော အခုတူးလို့ အခုပေါ်လာတာ၊ နဂိုကတောင်ကြီးဟုတ်လား ထုကြီးနဲ့။ ဒီလိုကော မနေဘူးလား . . . (နေပါတယ်)။

ဒါဖြင့် ဦးမြမောင်ကိုမေးပြီ ဂူကြီးသည် ဘယ် ကာလက ရှိနှင့်တာတုံးမေးရင် ဘယ့်နှယ်ပြောမလဲ . . . (မရှိနှင့်ပါဘူးဘုရား) အခုမှ ပေါ်တာပါ၊ အခုမှ ပုန်းအောင်း ရာ လဲလျောင်းရာရမယ် (မှန်ပါ)။

## ကျောက်သားနဲ့ဟာလာဟင်းလင်းနဲ့မတူတော့ဘူး

ဒါဖြင့် တူးလိုက်တဲ့အခါကျတော့လဲ တစ်ခါစဉ်းစား အုံးတဲ့၊ ကျောက်သားနဲ့ ဟာလာဟင်းလင်းကြီးနဲ့ တူရဲ့ လားလို့ မေးပြန်တယ် (မတူပါဘူး)၊ သူက ဟာလာဟင်းလင်း ဟုတ်လား၊ ကျောက်သားက ကျောက်သားအမျိုး (မှန်ပါ)၊ ဒီလိုမနေဘူးလား . . . (နေပါတယ်)။

ကျောက်သားက ကျောက်သားတစ်မျိုး။ တူးထားတဲ့ လိုဏ်ဂူကြီးက ဟာလာဟင်းလင်းကြီးတစ်မျိုးဆိုတော့ကို

နိဗ္ဗာန်သည်ခင်ဗျားတို့ ပြုလုပ်ထားတဲ့ ဒါနသီလသမထ စေတနာနဲ့လဲ မတူဘူး၊ ကျောက်တောင်ကြီးနဲ့လဲ မတူဘူးတဲ့။ မဂ်စိတ်က ဖြစ်ပျက် ဒါနသီလတွေကလဲ ဖြစ်ပျက်ပဲ။ (မှန်ပါ)။ အဲဒါတွေနဲ့လဲမတူတဲ့ အခေါင်းကြီးပေါ်လာသလိုပဲတဲ့။ ပုန်းအောင်းရာ လဲလျောင်းရာပေါ်လာတယ်၊ ဒါနသီလ သမထဝိပဿနာဆိုတဲ့ သင်္ခါရပစ္စည်းတွေနဲ့လဲ ခုနင်က အခေါင်းကြီးနဲ့ တူရဲ့လား၊ (မတူပါဘူး)။

ဒါဖြင့် သင်္ခါရနိမိတ်မလွတ်ဘူးလား . . . (လွတ်ပါ တယ်) သင်္ခါရနဲ့ တူကိုတူသေးရဲ့လား။ (မတူပါဘူး)။

မဟုတ်တော့ ဒါ့ကြောင့် ခင်ဗျားတို့ကို ပြုထားတဲ့ဒါနလဲ နိဗ္ဗာန်နဲ့ မတူဘူး၊ ဒါက စေတနာဆိုတော့ ဖြစ်ပျက်သွားတာ (မှန်ပါ)။ သီလကလဲ ဝိရတီဆိုတော့ ဖြစ်ပျက်သွားတာ (မှန်ပါ)။ သမထက သမာဓိဆိုတော့ကော (ဖြစ်ပျက်သွား တာပါပဲ) တူရဲ့လား၊ သူတို့နဲ့ (မတူပါဘူး)။ အဲ. . . ကျောက်တောင်ကြီးနဲ့အောင်းရာနဲ့ မတူသလိုပေါ်တာပဲ . . . (မှန်ပါ)။

ဒါသေးတဲ့ အဓိပ္ပာယ်မဟုတ်ဘူး။ မောင်သစ်တို့ တောင် ဒီတစ်ခါကြားဘူးမှာ (မှန်ပါ)၊ မောင်ချစ်စိန်ကော (ဒီတစ်ခါပဲကြားဘူးပါတယ်)။ ဒီတစ်ခါပဲ ကြားဘူးတယ်၊ အခုမှ စဟောတာ (မှန်ပါ)။

## အသေတွေအကုန်ချုပ်ပြီး မသေတဲ့နေရာပေါ်လာတယ်

တဲ-ဒါဖြင့် ဒီနေရာမှာ နဂိုတုံးက ခန္ဓာငါးပါး အသေတွေ ရှုပ်နေတယ်။ ကြည့် ၂-နံပါတ်မှာ ခန္ဓာငါးပါး အသေတွေ ရှုပ်နေတယ် (မှန်လှပါဘုရား)။ မဂ်စစ် ဝင်လာတော့ ဒါတွေအကုန် မချုပ်ဘူးလား . . . (ချုပ်ပါတယ်)၊ ဒါပုန်းအောင်းရာ ဒီနေရာပေါ်လာတယ်၊ မသေတဲ့နေရာ ဆိုပြီး ဒီနေရာပေါ်လာတယ် (မှန်ပါ)၊ နဂိုက သေတဲ့နေရာကိုး (မှန်ပါ)။

၂- နံပါတ်ဟာ နဂိုက ဘာတုံး. . . (နဂိုက သေတဲ့နေရာပါ)။ အခုဒါတွေ အကုန်ချုပ်သွားတော့ ဒါဘာဖြစ်သွားသတုံး (မသေတဲ့နေရာဖြစ်သွားပါတယ်)။ မသေတဲ့နေရာဖြစ်သွားတော့ ပုန်းအောင်းရာကြီး ခင်ဗျားတို့ မြင်ထားတယ်။ (မှန်ပါ)။ ဟာ. . . မသေတဲ့နေရာဟာ ဒါပဲ. . . (မှန်ပါ)။

နဂိုက ဒါကျောက်တောင်ကြီးပေါ့ဗျာ (မှန်ပါ)၊ ခုသေသေ ချာချာ ခင်ဗျားမဂ်နဲ့ တူးဆွလိုက်တဲ့အခါကျတော့ ကိလေသာတွေကုန် ဒုက္ခတွေကုန်သွားတော့ ပုန်းအောင်းရာ ဌာနကြီး ဖြစ်မလာဘူးလား (ဖြစ်လာပါတယ်)။ ဒါဖြင့် ဒီဟာ နိဗ္ဗာန် (မှန်ပါ)။

ချုပ်သွားလို့ရှိရင် ဒီဟာဘာခေါ်မယ် (နိဗ္ဗာန်ပါ) ဒါက ဘာခေါ်မလဲ (မဂ်ဉာဏ်ပါ)။

အဲဒီတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရှိသော ပုဂ္ဂိုလ်တို့၏ ပုန်းအောင်းရာ (မှန်ပါ)၊ ပစ္စဝေက္ခဏာဉာဏ်ရှိသော ပုဂ္ဂိုလ်တို့၏ (ပုန်းအောင်းရာပါ)။

ဒါကြောင့် ဒီဟာဆုံးအောင် ရှုရမယ်ဆိုတာ ပုန်းအောင်းရာတွေ့အောင်လုပ်ပါ (မှန်ပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီ)။

## အသင်္ခတ တရားပေါ်လာတယ်

ကဲ. . . ဒါဖြင့် ခင်ဗျားတို့လုပ်တဲ့ တရားနဲ့ကော ပေါ်လာတဲ့ တရားနဲ့ တူပါရဲ့လားလို့ မေးပြန်တော့ ဘယ့်နှယ်ဖြေပါ့မလဲ. . . (မတူပါဘူး)၊ ဟိုက သင်္ခတတရား (မှန်ပါ)။ ဒီကပေါ်လာတာက အသင်္ခတတရား (မှန်ပါ)။ ဉာဏ်နဲ့ရှုလိုက်တာနဲ့ မြင်လာတယ်။ (မှန်ပါ)။ ပုန်းအောင်းရာ လဲလျောင်းရာ ဖြစ်လာတယ်၊ မဟုတ်ဘူးလား (ဟုတ်ပါတယ်)၊ ဒါဖြင့်သူက အသင်္ခတတရား၊ ခင်ဗျားတို့ ပြုပြင်တဲ့ တရားတွေက (သင်္ခတ တရားပါ)။

ဒါဖြင့် - သင်္ခတတရားတွေလုပ်ပြီး အသင်္ခတ အကျိုးပေးတယ် (မှန်ပါ)၊ ပေါ်ကြပြီလား (ပေါ်ပါပြီ)။

## သေတတ်တဲ့တရားတွေနဲ့ ရင်းနှီးယှဉ်ရတယ်

သန်တတရားတွေ လုပ်ပြီးတော့ (အသန်တ အကျိုးပေးပါတယ်)၊ သေတက်တဲ့တရားတွေနဲ့ ခင်ဗျားတို့ မသေတတ်တဲ့တရားကို ရင်းနှီးယှဉ်တယ် (မှန်ပါ)။

သေတတ်တဲ့ဒါန၊ သေတတ်တဲ့ သီလ၊သေတတ်တဲ့ သမထ၊ သေတတ်တဲ့ ဝိပဿနာတွေနဲ့ ရင်းနှီးပြီးတော့မှ မသေရာကို ခင်ဗျားတို့ အရယူတယ်ဆိုတော့ ဒီစကား တွေဟာ အင်မတန်ကြီးကျယ်တဲ့စကားတွေ (မှန်ပါ)။ သာမညနားဆိုလို့ရှိရင် အကွက်ချသာမပြောဘူးဆိုရင် ဦးကျော်မောင် နားမလည်နိုင်ဘူး. . . (မလည်နိုင်ပါဘူး ဘုရား) မလည်တော့ဘူး၊ အင်မတန်ခဲယဉ်းသွားပြီတဲ့။ အခုတော့ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဩော်. . . သေတက်တဲ့တရားတွေနဲ့ မသေရာရပါ ကလား (မှန်ပါ)။ ဒါနဆိုတာဘာတုံး. . . (သေတတ်တဲ့ တရားပါ)၊ စေတနာဆိုတာဖြစ်ပျက်ပဲ။ သေတာပဲ။ (မှန်ပါ)။ သီလဝိရတီ ဆိုတာကော (သေတတ်တဲ့တရားပါပဲ)၊ သမထ သမာဓိဆိုတာကော(သေတတ်တဲ့တရားပါဘုရား) ဝိပဿနာ ဆိုတာတွေကော (သေတတ်တဲ့တရားပါဘုရား)၊ သေတတ် တဲ့ တရားတွေနဲ့ ရင်းနှီးပြီးသကာလ မသေရာရနိုင်ပါတယ် (မှန်ပါ)။

## သစ္စာတကကျေးဇူးပြုလို့ အသစ္စာရတယ်

ဒါကြောင့် သစ္စာတက ကျေးဇူးပြုလိုက်တာနဲ့ အသစ္စာရတယ် (မှန်ပါ)။

ဒါဖြင့် သစ္စာတက တူးဆွတာနဲ့တူသွားတယ်။ ရတော့ဂူကြီးပုန်းအောင်းရာဆိုတဲ့ အသစ္စာရတယ် (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါပြီ)။

ဒါဖြင့် နိဗ္ဗာန်ဟာ အသစ္စာ ခေါ်မှာ ဆိုတာလဲ ပေါ်သွားပြီ (ပေါ်ပါပြီ)။ ပြုပြင်စရာမရှိတဲ့ တရားဆိုတာလဲ ပေါ်သွားပြီ (ပေါ်ပါပြီ)။

ခင်ဗျားတို့က အားထုတ်နေတာက သစ္စာတရား (မှန်ပါ)။ နိဗ္ဗာန်က အသစ္စာတရား (မှန်ပါ) ဘယ်သူမှ မပြုပြင်ဘဲနဲ့ ခိုင်မြဲနေတဲ့တရား ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ ရှင်းပြီလား (ရှင်းပါပြီ)။

ဒါနသီလသမထတွေက ပြုပြင်တဲ့တရားတွေ၊ ဒါနသီလ သမထအရိပ်ကို သူ့အထဲပါသေးသလား . . . (မပါပါဘူး) မသေရာကြီးပေါ်လာတာပဲ . . . ရှင်းပြီလား . . . (ရှင်းပါပြီ)။

ဒါဖြင့် သစ္စာကြောင့်ရငြားသော်လဲ သစ္စာအရိပ် ပါရဲ့လား (မပါပါဘူး) ဒါ့ကြောင့် သူ့ကိုအသစ္စာခေါ်မှာလို့ ဘုရားက ဟောတော်မူတယ် (မှန်ပါ)။

ဘာတရားတဲ့တုံး (အသင်္ခတတရားပါ)၊ မပြုပြင်ဘဲနဲ့ ခိုင်တဲ့တရားဆိုပြီးသကာလ ဒီလိုပေါ်လာတာ(မှန်လှပါ) မောင်သစ်သိပ်အဖိုးတန်ပါလားဟေ (တန်ပါတယ်ဘုရား) ရှင်းပြီလား . . . (ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့သည် ဝိပဿနာလုပ်နေကြတာ ကိုယ့်ပုန်းအောင်းရာ ကိုယ်လဲလျောင်းရာဖြစ်တဲ့ ဂူကြီး တူးနေတာနဲ့ အတူတူပဲ. . . (မှန်လှပါ)။

ဒါဖြင့် အလကားနေရင်း ဆုတောင်းရုံနဲ့ တောင်းနေတဲ့ပုဂ္ဂိုလ်တော့ မရနိုင်ဘူး။ သူ့မှာ တူးမှုမတူးပဲနဲ့ ရပ့်မလား။ (မရပါဘူး) ခင်ဗျားတို့က တူရွင်းလဲမကိုင်ဘူး၊ ပေါက်ပြားလဲ မကိုင်ဘူး၊ ဂူပေါက်ကြီးပေါ်စေသတည်း၊ ငါပုန်းအောင်းရာ ဂူပေါက်ကြီး ပေါ်စေသတည်းဆိုလို့ ရမလား၊ မရဘူးလား . . . (မရ ပါဘူး)။

အဲ. . နိဗ္ဗာန်ဟာ ဒီလိုလုပ်လို့မရဘူး။ ဒါနနဲ့ ပြုလိုက်တဲ့ သီလနဲ့ပြုလိုက်၊ ဝိပဿနာပြုလိုက်၊ ပြုလိုက် တော့မှ ပေါ်လာတာ (မှန်ပါ)။

ပေါ်လာပေမယ့်လဲ ပြုတာက သင်္ခတ။ ပေါ်လာ တာက (အသင်္ခတပါဘုရား)။

အဲဒါကြောင့် သင်္ခတတရားကို အားထုတ်လုပ် ဗြားသော်လဲ အားထုတ်တော့ အားထုတ်တာပဲ။ ပေါ်တော့ အသင်္ခတပေါ် တယ် (မှန်ပါ)။

ပေါ်တော့. . . (အသံတပေါ်ပါတယ်) ပြုလုပ်တော့ ဘာနဲ့ပြုလုပ်သလဲ. . . (သဒ္ဒါတတရားနဲ့ ပြုလုပ်ပါတယ်) သို့သော် သဒ္ဒါတတရားအရိပ်နိမိတ် ဒီအထဲပါရဲ့လား (မပါပါဖူး)။

မပါဘူးတဲ့။ ဂူကြီးမှာ နဂိုကကျောက်တွေမှ မပါတော့ပဲ ဟာလာဟင်းလင်းကြီး ဖြစ်နေတယ် (မှန်ပါ)။ ပါသေးရဲ့လား . . . (မပါပါဘူး)။ သံတူးရှင်းတွေကော ပါသေးရဲ့လား. . . (မပါပါဘူး)၊ ပုန်းအောင်းရာတစ်ခုပဲ ပါနေတယ် (မှန်ပါ)၊ ရှင်းပြီလား. . (ရှင်းပါပြီ)။

## နိဗ္ဗာန်ဆိုတာ အသိအင်မတန်စက်တယ်

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟောတဲ့ သဒ္ဒါတာဓမ္မာနဲ့ အသဒ္ဒါတာဓမ္မာလဲ ရှင်းသွားပြီ။ သဒ္ဒါတာဓမ္မာဆိုတာက ခင်ဗျားတို့ ပြုပြင်လို့ပေါ်တဲ့ ရုပ်နာမ်ဓမ္မတွေကို ဘာခေါ်ကြမလဲ. . . (သဒ္ဒါတာဓမ္မာပါ)၊ အသဒ္ဒါတာဓမ္မာဆိုတာ ဘယ်သူမှ မပြုပြင်ဘဲနဲ့ပေါ်လာတဲ့ ဓမ္မပုန်းအောင်းရာ ဌာနကြီးကို အသဒ္ဒါတာဓမ္မာလို့ ခေါ်ပါတယ်။ (မှန်ပါ)။ အလိုလိုပေါ်သလားလို့ မေးပြန်တော့လဲ သဒ္ဒါတနဲ့တူးမှပေါ်တာ (မှန်ပါ)။ သဒ္ဒါတက ဒီအထဲဝင်သေးသလားလို့ မေးပြန်တော့လဲ (မဝင်ပါဘူးဘုရား) မဝင်ဖူးဆိုတော့၊

ပြော် နိဗ္ဗာန်ဆိုတာ ဒုါကြောင့် နက်နဲတယ်လို့ ပြောတာ (မှန်ပါ) အသိအင်မတန် ခက်တယ်ဆိုတာ မပေါ်လာဘူးလား (ပေါ်လာပါတယ်)။

## တမာပင်မှာပေါက်တဲ့သဇင်ပန်း

လောကီ ဥပမာဘုန်းကြီးတစ်ခုပြောလိုက်အုံးမယ်။ တမာပင်ဆိုတဲ့ဥစ္စာ ဘယ်အရပ်မှာ မဆိုရှိကြတယ်။ တမာပင်ပေါ်မှာ သဇင်ပန်းပေါက်တယ်လို့- ထားပါ တော့နော် (မှန်ပါ) တမာပင်က ခါးလိုက်တာ နံလိုက်တာ (မှန်ပါ)၊ သဇင်ပန်းကတော့ မွှေးလိုက်တာကြိုင်နေတာပဲ (မှန်ပါ)။ တူရဲ့လား (မတူပါဘူး)။ တမာပင်ပေါ်ပေါက်ငြားသော်လဲ တမာပင်ရဲ့ အရိပ်အငွေ့ ပါရဲ့လား (မပါ ပါဘူး)။

ဒီအထဲမှာလဲ သခ်ိတတွေနဲ့ ပြုလုပ်ငြားသော်လဲ ပုန်းအောင်းရာဖြစ်တဲ့ နိဗ္ဗာန်ကြီး ဒုက္ခချုပ်တဲ့ အသေလွတ်တဲ့ နိဗ္ဗာန်ကြီးဟာ သခ်ိတနဲ့ လုံးဝမတူဘူးတဲ့၊ (မှန်ပါ)။ တမာပင်နဲ့ သဇင်ပန်းမတူသလိုဘဲ . . . (မှန်လှပါ)။ ရှင်းပြီလား၊ (ရှင်းပါပြီ)။

ဒီမှာလဲ ဒါနသီလသမထ ဝိပဿနာနဲ့ နိဗ္ဗာန်ကြီးဟာ မတူဘူးပဲ (မှန်ပါ)၊ ဦးဘသန်းကြီးတူရဲ့လား . . . (မတူပါဘူး)။

သူက ပုန်းအောင်းရာတစ်ခု ပေါ်လာတာကို။ မဟုတ်ဘူးလား (မှန်ပါ) ဟိုက အားစိုက်ရာ။ သူကအားမစိုက်ဘဲနဲ့ ပေါ်နေတယ် (မှန်ပါ)။

ဒါဖြင့် နိဗ္ဗာန်ဆိုတဲ့ တရားသည်ကားလို့ဆိုရင်ဖြင့် အသခ်တတရားဆိုတာလဲ ရိပ်မိကြပြီ (မှန်ပါ)၊ ပုန်းအောင်းရာကော ကိုယ်တူးမှကိုယ်ရတယ်ဆိုတာကော . . . (သိပါပြီဘုရား) သိတော့ကို အလုပ်မလုပ်တဲ့၊ ပုဂ္ဂိုလ်များမှာ ရနိုင်ပါ့မလားလို့ ဦးကျော်မော်တို့၊ ဦးမြမောင်တို့၊ ဦးဘသန်းတို့ မေးရင် ဘယ့်နှယ်ဖြေမလဲ. . . (မရနိုင်ပါဘူးဘုရား)။

## ဆုတောင်းမနေနဲ့ အလုပ်လုပ်ကြပါ

ဒါကြောင့် ဘုန်းကြီးက ဆုတောင်းမနေနဲ့ လုပ်ယူကြ။ ဆုတောင်းမနေနဲ့ လုပ်ယူကြလို့ပြောတာ. . . (မှန်ပါ) မပြောထိုက်ဘူးလား (ပြောထိုက်ပါတယ်ဘုရား)။

ကျောက်တောင်ကြီးကို အားထုတ်တူးမှသာလျှင် ပုန်းအောင်းရာဖြစ်မှာပေါ့ (မှန်ပါ)၊ အားထုတ်မတူးတဲ့ ပုဂ္ဂိုလ်ပုန်းအောင်းရာ. . . (မရနိုင်ပါဘူးဘုရား) သဘောကျပြီလား . . . (ကျပါပြီ)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပါရမီဆယ်ပါး အပြားသုံးဆယ်တွေ စုံနေပြီ (မှန်ပါ)၊ ဗောဓိပင်နဲ့

ရွှေပလ္လင်ကျမှ မဂ္ဂင်အလုပ်ကို မလုပ်သေးခင် နိဗ္ဗာန်ကို မရသေးဘူး (မှန်ပါ)။ တူးမှ မတူးသေးဘဲ (မှန်ပါ)။

အဲဒါကြောင့် ဟိုဟာတွေက အခြံအရံအကြောင်းပဲ ဖြစ်တယ်။ တကယ်ကျတော့ မဂ္ဂင်နဲ့ တူးဆွမှ . . . (ရမှာပါ ဘုရား) ပုန်းအောင်းရာပေါ်လာမယ် (မှန်ပါ) သဘောကျ ပြီလား (ကျပါပြီ)။

ဒါဖြင့် တို့လုပ်နေတဲ့ အလုပ်ဟာဖြင့် ကိုယ်ပုန်း အောင်းရာ ကိုယ်ရှာတဲ့ဥစ္စာကိုယ့်အိုဘေး၊ နာဘေး၊ သေဘေး တွေဟာ ဒီအထဲရောက်လို့ရှိရင် မသေတော့ဘူး၊ (မှန်ပါ)။ မအိုတော့ဘူး၊ မနာတော့ဘူး၊ မသေတော့ဘူး၊ ဒုက္ခချုပ်တဲ့ နေရာမှန် . . . (မှန်ပါ)။

ဒါဖြင့် ကိုယ့်အရေးကိုယ်ကြီးပြီး လုပ်ကိုင်မလုပ်ကိုင် . . . (လုပ်ကိုင်ပါတယ်ဘုရား) ပေါ်ကြပြီလား. . . (ပေါ်ပါ ပြီ)။

ဒါဖြင့် ဒီအရေးသည်ကားလို့ဆိုရင်တစ်သံသရာလုံး ဒီလိုတူးရတယ်၊ ဆွရတယ်ဆိုတဲ့ ဥစ္စာခင်ဗျားတို့ မသိတော့ကို ဘယ်တော့မှ ဒီလိုတူးဖြစ်မှာမဟုတ်ဘူး (မှန်ပါ)။ ဘယ်တော့ မှလဲ မဆွမိဘူး၊ ဘယ်တော့မှလဲ မဆွမိဘူး၊ ဘယ်တော့မှလဲ ကိုယ့်ပုန်း အောင်းရာ မရှာမိဘူး၊ (မှန်ပါ)။ လူ့ပြည်အသက်

တိုတယ်၊ နတ်ပြည်ရှည်တယ်ဆိုပြီး၊ ဟိုသေမဆုံးဆီချည်း သွားတူးကြတယ်။ မဟုတ်ဘူးလား . . . (မှန်လှပါ)၊ နတ်ပြည် အသက်တိုတယ် ဗြဟ္မာပြည်အသက်ရှည်တယ်ဆိုပြီး ခင်ဗျား တို့က အသေလွတ် ရှာကြွားသော်လဲ အသေချည့်ပဲ ပြန်ရ တယ် (မှန်ပါ)၊ မရဘူးလာ (ရပါတယ်ဘုရား) ဒါဘယ့်နှယ် ကြောင့်တုံးဆိုလို့ရှိရင်ဖြင့် လမ်းမမှန်လို့ (မှန်ပါ)။ ပေါ်ပြီလား . . . (ပေါ်ပါပြီ)။ အခုတော့ လမ်းမှန်ပြီလား . . . (မှန်ပါပြီ)။

ရှုပါများတော့ ဒါချုပ်သွားမလား မသွားဘူးလား၊ (ချုပ်သွားပါတယ်) ချုပ်သွားလို့ရှိရင် ဒါအသေလွတ် ဟုတ်မဟုတ်. . . (ဟုတ်ပါတယ်ဘုရား) ဒါတွေက နဂိုက ဖြစ်ပျက်ဆိုတာ အသေတွေကို ၂-နံပါတ်ဟာလေ . . . (မှန်ပါ) အခုတော့ရှိသေးရဲ့လား . . . (မရှိပါဘူး) မဂ်ဆိုတာ တော့ ခင်ဗျားတို့၏ ဒါပုန်းအောင်း ရာ အသေလွတ်နေရာဒို့ နေရာဘဲဆိုတာ ဖြစ်သွားတယ်၊ မဖြစ်သေးဘူးလား (ဖြစ်ပါ တယ်ဘုရား) ပေါ်ကြပြီလား. . . (ပေါ်ပါပြီ)။

ဒါဖြင့် ကြိုးစားလုပ်မှ ဒီဟာပေါ်မယ် (မှန်ပါ) သူမပေါ် သေးလို့ရှိရင် ကိုယ်ပုန်းအောင်းရာ လဲလျောင်းရာ ကာကွယ်ရေး မရှိသေးဘူးလို့သာ မှတ်လိုက် (မှန်ပါ)။

## ဝိပဿနာဆိုတာကိုယ့်ပုန်းအောင်ရှာလုပ်နေတာ

အအိုအနာ အသေကာကွယ်ရေး (မရှိသေးပါ)၊ မရှိသေးဘူးသာ သေသေချာချာမှတ်တော့ ဩော်. . . ဝိပဿနာ အလုပ်ဆိုတာ ဘာပါလိမ့်မတုံးဆိုတော့ ကိုယ်ပုန်းအောင်းရာ ကိုယ်တူးဆွပြီးသကာလ ကိုယ့်အရေးရှိတဲ့အခါ ကိုယ်အောင်းဖို့ပါကလား။ ဒီပြင်အလုပ် မဟုတ်ပါလား . . . (မှန်ပါ)၊ သားရေးလဲ မဟုတ်ဘူး၊ သမီးရေးလဲမဟုတ်ဘူး၊ ပစ္စည်းရေးကော (မဟုတ်ပါဘူး)။

အဲဒါတွေကကော အသေလွတ်ရှာဖြားသော်လဲ အသေဘဲ တွေ့တယ် (မှန်ပါ)၊ အခုဟာကတော့ အသေလွတ်ရှာလို့ အသေလွတ်တွေ့တယ် (မှန်ပါ) သဘောပါပြီလား (ပါပါပြီ)။

အဲဒါကြောင့် အားထုတ်တဲ့ ကျေးဇူး နိဗ္ဗာန်လဲ သိသွားပြီ၊ အားထုတ်မှလဲရတယ်ဆိုတာ ပေါ်သွားတဲ့အတွက် ခင်ဗျားတို့ကို စိတ္တာနုပဿနာကို မြင်အောင်ကြည့်၊ မုန်းအောင်လဲကြည့်၊ ဆုံးအောင်လဲကြည့်. . . (မှန်ပါ)၊ ဆုံးတော့ ဒါတွေရှိသေးရဲ့လား (မရှိပါဘူး)၊ ဒါတွေမရှိတော့၊ ဒါဟာဒုက္ခနိရောဓနိဗ္ဗာန်ဘဲ (မှန်ပါ)။ ဟိုဘက်ကလဲ မဂ်ဝင်သွားတော့ တဏှာနိရောဓနိဗ္ဗာန်ဘဲ (မှန်ပါ)။

## ခန္ဓာရှိတုန်းမြင်တာက သဥပါဒိသေသနိဗ္ဗာန်

ဒီဘက်ကလဲ ဒုက္ခနိရောဓော (နိဗ္ဗာန်ပါ)။ ဒါက သဥပါဒိ သေသနိဗ္ဗာန်၊ ၂-နံပါတ်ချုပ်သွားတာ သဥပါဒိသေသ (မှန်ပါ)။ ၄-နံပါတ်ချုပ်သွားတာ အနုပါဒိသေသနိဗ္ဗာန်၊ ခန္ဓာဆုံးတော့မှ သူကရတယ် (မှန်ပါ)။

သူက ခန္ဓာရှိတုန်းမြင်ရမည့် နိဗ္ဗာန်။ ဒါကတော့ ခန္ဓာဆုံးမှရမယ်။ ၄-နံပါတ်က . . (မှန်ပါ)၊ ပေါ်ပြီလား . . . (ပေါ်ပါပြီ)။

ကဲ. . . ဒီနေ့ဒီတွင် တော်ကြဦးစို့. . . ။

သာဓု. . . သာဓု. . . သာဓု။